# သတင်းလွှာ


- ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်း
- သတင်းအတို
- ပညာရှိအဆိုအမိန့်
- ဟာသ
- ဗေဒင်
- အားကစား
- အနုပညာ


အတွဲ(၄)၊အမှတ်(၈)။ ၂၀၁၀ ခုနှစ်၊ဇန်နဝါရီလ(၂၂)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## နေကြတ်ခြင်းကြောင့်စီးပွားရေးပိုမိုပွင့်လန်းမည်

ဇန်နဝါရီ ၁၅ရက်နေ့တွင် ရာစုနှစ်၏ အချိန်ကြာဆုံးနေကြတ်မှုကြောင့်မန္တလေးမြို့တွင် နက္ခတ်ပညာအရ အကောင်းများမည်ဖြစ်ကြောင်းမြန်မာနိုင်ငံနက္ခတ်ပညာရှင်များအဖွဲ့၊ မြန်မာနိုင်ငံ နဒီနက္ခတ်ဗေဒင်သန်တန်းကျောင်းကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်စိန်ကပြောသည်။ "မန္တလေးမှာ၁နာရီ၃၅မှာနေစကြတ်ပါတယ်။ အကောင်းများတယ်လို့တွက်ချက်လို့ရပါတယ်။ သီးနှံစိုက်ပျိုးရေးကောင်းမယ်၊ စီးပွားရေးလည်းလျင်လျင်မြန်မြန်ဖြစ်ထွန်းလာမယ်၊လျှပ်စစ်နဲ့ပတ်သက်တဲ့လုပ်ငန်းကောင်းပါမယ်၊ ၁၁တန့်သခင် ၁၀တန့်မှာတည်တဲ့အတွက်ငွေကြေးအထောက်အကူတွေအများကြီးရလာမယ်။ ရန်သူ သူခိုးလျော့ပါးမယ်။နိုင်ငံရပ်ခြားလူမျိုးခြားတွေကဘာသာရေးနဲ့ပတ်သက်တဲ့သာသနာပြုလုပ်ငန်းတွေမှာ ဝင်ရောက်ကူညီလိမ့်မယ်။ အဆိုးနည်းပါတယ်။ ဝမ်းဗိုက်ပိုင်း၊ အစာအိမ်ပိုင်းပြဿနာတွေရှိမယ်၊ နောက်ပညာရေးအဲဒီလောက်ပါပဲ" ဟု ဒေါ်ကြည်ကြည်စိန်ကပြောကြားသည်။ ယခုနှစ် နေကြတ်မှုသည် ရာစုနှစ်၏ အချိန်အကြာဆုံးနေကြတ်မှုဖြစ်စဉ်ဖြစ်ပြီး မြန်မာနိုင်ငံနေရာဒေသအချို့မှ မြင်တွေ့နိုင်ခဲ့သည်။ မြန်မာနိုင်ငံအနောက်ပိုင်းစစ်တွေ၊ အလယ်ပိုင်းမှ ရွှေဘို၊မန္တလေးနှင့်မုံရွာတို့ဘက်တွင် "မြင်တွေ့ခဲ့ရသည်။ ဇန်နဝါရီ ၁၅ရက်နေ့ နေကြတ်မှုသည် အာဖရိကအလယ်ပိုင်းမှ စတင်၍ အိန္ဒိယသမုဒ္ဒရာမှတစ်ဆင့် အိန္ဒိယတောင်းပိုင်း၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့်တရုတ်နိုင်ငံတို့အပေါ်ဖြတ်သန်းသွားခဲ့ခြင်း ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၂ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ၂၀၁၃ဆီးဂိမ်းစ်ကိုမြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဟု တရားဝင်ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်းသိရ

မူလက ၂၀၁၃ဆီးဂိမ်းစ်ပြိုင်ပွဲကိုလက်ခံကျင်းပရန် တာဝန်ယူထားသည့်စင်ကာပူနိုင်ငံသည် ကြိုတင် စီစဉ်ဆောင်ရွက်ထားမှုများ အဆင်မပြေသည့်အတွက် နုတ်ထွက်သွားသဖြင့် ယင်းနိုင်ငံအစားမြန်မာနိုင်ငံမှ လက်ခံကျင်းပမည်ဟုဂျာနယ်အချို့နှင့်အခြားမီဒီယာများတွင်သတင်းများထွက်ပေါ်နေသော်လည်းတရားဝင်ထုတ်ပြန်ကြေညာခြင်းမရှိသေးကြောင်းသိရသည်။ ယင်းသတင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက "ပြီးခဲ့တဲ့(၂၅)ကြိမ်မြောက်လာအိုဆီးဂိမ်းစ်မတိုင်ခင်ဗီယန်ကျင်းမြို့မှာကျင်းပတဲ့ဆီးဂိမ်းစ်ကော်မတီ အစည်းအဝေးမှာကတည်းက ၂၀၁၃ဆီးဂိမ်းစ်ကို စင်ကာပူနိုင်ငံမှ လက်ခံကျင်းပနိုင်ခြင်း မရှိကြောင်းတင်ပြခဲ့ပါတယ်။ အဲဒီမှာအရှေ့တောင်အာရှ ၁၁နိုင်ငံထဲမှာ ဗီယက်နမ်နှင့် ထိုင်းတို့ ကလက်ခံကျင်းပမယ့် နိုင်ငံမရှိရင်သူတို့ကျင်းပပေးနိုင်ကြောင်းပြောပါတယ်။ ဒါပေမယ့် ငြင်းပယ်ခဲ့တဲ့စင်ကာပူနိုင်ငံအပါအဝင် အခြားနိုင်ငံတွေက SEAP Games အချိန်တုန်းက အိမ်ရှင်အဖြစ်နှစ်ကြိမ်ကျင်းပနိုင်တဲ့ မြန်မာနိုင်ငံအနေနဲ့ အခု SEA Games လို့ပြောင်းလဲလာပြီးတဲ့အချိန်မှာတစ်ကြိမ်မှမကျင်းပနိုင်သေးဘူး။မြန်မာနိုင်ငံအနေနဲ့ကျင်းပစေချင်တယ်လို့ဝိုင်းဝန်းတိုက်တွန်းခဲ့ကြပါတယ်။ အဲဒီအကြောင်းတွေကို ကျွန်တော်တို့မြန်မာနိုင်ငံပြန်အရောက်မှာ အထက်လူကြီးတွေကိုတင်ပြထားခဲ့ပါတယ်။ အဲဒီလိုအပ်တဲ့ ကျင်းပမယ့်အားကစားနည်း၊ အားကစားကွင်း၊ အားကစားရုံ၊ အားကစားသမား၊ အားကစားပြိုင်ပွဲနဲ့သက်ဆိုင်တဲ့ အချက်အလက်တွေကို တင်ပြဖို့လူကြီးတွေက ညွှန်ကြားလာလို့ ကျွန်တော်တို့မြန်မာနိုင်ငံအိုလံပစ်ကော်မတီအနေနဲ့ တင်ပြနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်နေပါတယ်။ ဒီအချက်အလက်တွေကိုကြည့်ပြီးမှ လူကြီးတွေက အဆုံးအဖြတ်ပေးမှာဖြစ်ပါတယ်။ ဒါတောင်လာမယ့်ဧပြီလ ဂျကာတာမှာကျင်းပမယ့်အင်ဒိုဆီးဂိမ်းစ်ကော်မတီအစည်းအဝေးမှာမှ အသေအချာသိရမှာပါ။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်၂၀၁၃ဆီးဂိမ်းစ်ကို ကျင်းပမယ်လို့တရားဝင်ထုတ်ပြန်တာမျိုးမရှိသေးပါဘူး"ဟုပြောကြားကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ၂၂ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဖြစ်ပွားခဲ့သော လူကုန်ကူးမှုများအနက် သမီးရည်းစားအသွင်ယူ၍အသွင်သစ်လူကုန်ကူးခြင်း၊ မိတ်ဆွေအသိုင်းအဝိုင်းမှ ဖြားယောင်းသွေးဆောင်မှုများများပြား

၂၀၀၉ခုနှစ်အတွင်းဖြစ်ပွားခဲ့သော လူကုန်ကူမှုများအနက် သမီးရည်းစားအသွင်ယူ၍ အသွင်သစ်လူကုန်ကူးခြင်း မိတ်ဆွေအသိုင်းအဝိုင်းမှဖြားယောင်းသွေးဆောင်မှုများပြားခဲ့ကြောင်းမြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နိုင်ငံဖြတ်ကျော်ဌာနမှသတင်းရရှိပါသည်။ "ခုနှစ်တွေမှာအမျိုးသမီးငယ်လေးတွေကိုသမီးရည်းစားဖြစ်အောင်ချဉ်းကပ်၊ သမီးရည်းစားဖြစ်ရင်နယ်စပ်ဒေသကိုခေါ်သွားပြီးအဲဒီက သူတို့အဆက်အသွယ်နဲ့ချိတ်ဆက်၊ တစ်ဖက်နိုင်ငံကိုရောင်းစားတဲ့ အသွင်သစ်လူကုန်ကူးမှုများလာပါတယ်" ဟု နိုင်ငံဖြတ်ကျော်မှုခင်းဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့ပါသည်။ လူကုန်ကူးသူများက ငယ်ရွယ်ချောမောသော အမျိုးသားငယ်များကို ၎င်းတို့အဖွဲ့ဝင်အဖြစ် စည်းရုံးသိမ်းသွင်းကာ အမျိုးသမီးငယ်များကိုသမီးရည်းစားဖြစ်စေရန် ချဉ်းကပ်စေပြီး နယ်စပ်ဒေသများသို့အလည်ခေါ်ဟန်ပြု၍ တစ်ဖက်နိုင်ငံသို့ ရောင်းချသည့် အသွင်သစ်လူကုန်ကူးမှုဖြစ်ကြောင်းသိရပါသည်။ ထို့အပြင် မိတ်ဆွေသူငယ်ချင်းများမှ အလုပ်အကိုင်ကောင်းရရှိမည်စသည့်ဖြားယောင်းသွေးဆောင်မှုများကြောင့် လူကုန်ကူးခံရသူများလည်းများပြားလာကြောင်းလည်းသိရပါသည်။ ၂၀၀၉ခုနှစ်အတွင်းဖြစ်ပွားခဲ့သော လူကုန်ကူးမှုများကို လေ့လာကြည့်ပါက ကျေးမြို့ပြဿနာနှင့်မိသားစုပြဿနာများကြောင့် လူကုန်ကူးခံရရန်တွန်းပို့ခဲ့မှုမှာ၆၀ရာခိုင်နှုန်းခန့်အထိရှိခဲ့ပြီးလူကုန်ကူးသူများကဘာဝရပ်တည်ရန်ခက်ခဲသည့်လူများကိုပစ်မှတ်ထားရွေးချယ်လေ့ရှိကြောင်း လည်းသိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုများကိုတားဆီးကာကွယ်နှိမ်နင်းရာတွင်ပြည်ပနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၂၀၀၉ခုနှစ်အတွင်းထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံများနှင့် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၂၀၁၀ခုနှစ် ဇန်နဝါရီ၂၂ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဆန်ဈေးကွက်အတွင်း ဈေးကစားသည့် ဝယ်ရောင်းသမားများ ယခုနှစ်တွင် ဆုံးရှုံးမှုနှင့်ရင်ဆိုင်ရနိုင်

ဆန်စပါးရောင်းဝယ်ရေးဈေးကွက်အတွင်း ဈေးကစားလိုသည့် ဝယ်ရောင်းသမားများ ယခုနှစ်တွင် ဈေးကစားပါက ဆုံးရှုံးမှုနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ဇန်နဝါရီလ ၁၃ရက်နေ့ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ကျင်းပသောပြည်တွင်းသတင်းဂျာနယ်များနှင့် တွေ့ဆုံသည့် စာနယ်ဇင်း ရှင်းလင်းပွဲတွင် ပြောကြားသည်။ "ဘာကြောင့်လဲဆိုတော့ ထုတ်လုပ်မှုကလည်း တိုးတက်လာတာရှိတယ်၊ ပြီးတော့ ပြည်ပမှာ ဆန်ဈေးမြင့်လို့ရှိရင် ပြည်တွင်းဆန်ဈေး မြင့်မယ်လို့အတွေးအခေါ်နဲ့ ဆန်စပါးကိုသိုလှောင်ထားရင် 'နိုင်ငံတော်ကလည်း ပြည်တွင်းဖူလုံမှုပြည်တွင်းဆန်းဈေးတည်ငြိမ်မှဆန်စပါးပို့ခွင့်ပြုမယ်ဆိုတဲ့ မူဝါဒ' က ရှိပြီးသားဖြစ်တဲ့အတွက် ကိုင်ထားပြီးတော့ ဈေးကစားမယ်ဆိုရင် တင်ပို့တဲ့ဟာတွေကလဲ တင်ပို့သင့်အလောက် တင်ပို့နိုင်မှာ မဟုတ်တဲ့အတွက် ပြည်တွင်းမှာ လက်ကျန်တွေများနေမှာဖြစ်ပါတယ်။ ဒီတော့ ဈေးကွက်မှာ ဈေးနှုန်းက ပြန်ကျမှာဖြစ်တာကြောင့်" ဟု ၎င်းက ပြောသည်။ လက်ရှိကာလတွင် ပြည်တွင်း၌ တိုင်းနှင့်ပြည်နယ်ကိုယ်စားပြု ဆန်အထူးပြုကုမ္ပဏီပေါင်း ၂၉ခုရှိပြီး ဆက်လက်၍ မြို့နယ်ကိုယ်စားပြုဆန် အထူးပြုကုမ္ပဏီများကိုလည်း ထပ်မံဖွဲ့စည်းသွားရန် အစီအစဉ်ရှိကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၂ရက်နေ့ထုတ်မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ၂၀၁၀ပြည့်နှစ်အတွက် ဂျပန်စာပေ ဘာသာပြန်ပြိုင်ပွဲ ကျင်းပတော့မည်

၂၀၁၀ပြည့်နှစ်အတွက် ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲတစ်ရပ်ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်နက်ကျင်းပမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကို ၂၁-၂-၂၀၁၀ရက်တွင် နံနက် ၉နာရီ၊ နေ့လယ် ၁၂နာရီအထိ ကျင်းပမည်ဖြစ်ကြောင်းဂျပန်သံရုံး၏ ပြန်ကြားရေးတာဝန်ရှိသူတစ်ဦးက ၁၃-၁-၂၀၁၀ရက်တွင်ပြောသည်။ ပြိုင်ပွဲဝင်ယှဉ်ပြိုင်သူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။ ယခင်နှစ်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ပါက အလားတူအဆင့်တွင်ပြန်လည်ယှဉ်ပြိုင်ခွင့်မပြုကြောင်း၊ ပြိုင်ပွဲဝင်များကို အခြေခံအဆင့်၊ အလယ်အဆင့်နှင့် အထက်ဆင့်ဟူ၍ ခွဲခြားသတ်မှတ်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်းသိရသည်။ "ထူးချွန်စွာအောင်မြင်တဲ့သူတွေကို ဆုတွေချီးမြှင့်ပါမယ်။ မနှစ်ကပြိုင်ပွဲမှာဆုရတဲ့သူတွေကတော့ ဂျပန်ကိုအလည်သွားဖို့လုပ်နေပြီ။ ဒီနှစ်ဆုရမယ့်သူတွေလည်းအလည်သွားရဖို့တော့ရှိတယ်။ မနှစ်ကအဆင့်သုံးဆင့်မှာ ကိုးယောက်ဆုရခဲ့တယ်"ဟုဧင်းကပြောသည်။ ပြိုင်ပွဲတွင်သတိပြုရန်အချက်မှာလက်ကိုင်ဖုန်းများယူဆောင်၍ မရကြောင်း၊ အဘိဓာန်နှင့် စာရေးကိရိယာမှအပ အခြားအပိုပစ္စည်းများယူဆောင်ခွင့်မပြုကြောင်း၊ ရန်ကုန်၌ ကျင်းပမည့်စာမေးပွဲကိုလှိုင်မြို့နယ် Myanmar Info Techနှင့်မန္တလေးမြို့၌ ကျင်းပမည့်စာမေးပွဲကို ဟီတိုစင်တာတို့တွင် ဖြေဆိုရမည်ဖြစ်ကြောင်းသိပါသည်။ ပါဝင်ယှဉ်ပြိုင်သူများသည်ဆိုင်ရာစာဖြေဌာနသို့ နံနက်၈နာရီခွဲရောက်ရှိရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသော အချိန်အတွင်း ပြီးဆုံးအောင်ဘာသာမပြန်နိုင်ပါက အမှတ်ပေးအကဲဖြတ်ခြင်းပြုလုပ်မည်မဟုတ်ကြောင်း ဆုရသူများ၏ အမည်စာရင်းကို သံရုံးရှေ့ရှိ ကြော်ငြာသင်ပုန်းတွင် ကြေညာပေး၍ ဆုပေးပွဲကိုသီးခြားကျင်းပမည်ဖြစ်ကြောင်း၊ ထိုသို့ ပြိုင်ပွဲများပြုလုပ်ပေးခြင်းဖြင့် ဂျပန်ဘာသာစကားတိုးတက်ရေး၊ ဂျပန်စာပေပြန့်ပွားရေးနှင့် ဂျပန်နှင့်မြန်မာချစ်ကြည်ရေးခိုင်မာစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့်ပြိုင်ပွဲမှာ ပဉ္စမအကြိမ်ရှိပြီဖြစ်ကြောင်း ၂၀၁၀ခုနှစ်ဇန်နဝါရီ ၂၁ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင်ဖော်ပြထားပါသည်။

## အာဆီယံသွင်းကုန်များအပေါ် တရုတ်က ရာခိုင်နှုန်း ၉၀အခွန်ကောက်ယူမှုဖျက်သိမ်းပေးမည်ဖြစ်ရာ မြန်မာ့ကုန်သွယ်ရေးယှဉ်ပြိုင်မှုများ ပွင့်လင်းနိုင်

အာဆီယံ-တရုတ်လွတ်လပ်စွာ ကုန်သွယ်ရေး၏ သက်ရောက်မှုအဖြစ် တရုတ်အာဆီယံလွတ်လပ်စွာကုန်သွယ်မှုဇုန်နယ်မြေ သဘောတူညီချက်အရ သွင်းကုန်ပစ္စည်း ရာခိုင်နှုန်း ၉၀အပေါ် အခွန်ကောက်ယူမှု ဖျက်သိမ်းပေးမည်ဖြစ်ရာ မြန်မာနိုင်ငံ၏ကုန်သွယ်ရေးယှဉ်ပြိုင်မှုများ ပွင့်လင်းလာမည်ဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက သုံးသပ်ပြောကြားသည်။ ဇန်နဝါရီ ၁ရက်က အာဆီယံ မူလအဖွဲ့ဝင် ခြောက်နိုင်ငံဖြစ်သည့် ဘရူးနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊စင်ကာပူ၊ထိုင်းနှင့် တရုတ်နိုင်ငံတို့၏ လွတ်လပ်စွာ ကုန်သွယ်ရေးဇုန်နယ်မြေ သဘောတူညီချက်စတင် အာဏာသက်ဝင်ခဲ့သည်။ "မြန်မာနိုင်ငံထုတ်ကုန်က စိုက်ပျိုးရေးအခြေခံဆိုတော့ မပြိုင်နိုင်ရင်နာမယ်။ ကျန်ခဲ့မယ်။ ယှဉ်ပြိုင်နိုင်အောင် အရည်အသွေးမြှင့်ထားဖို့လိုတယ်။ အာဆီယံခြောက်နိုင်ငံဟာတရုတ်ကိုပြိုင်ပြီး ဝင်ကြမယ်။ ကိုယ်က ရော့ကက်တွေဘာတွေ မထုတ်နိုင်သေးဘူး။ ပြင်ဆင်ထားဖို့တော့လိုတယ်"ဟုပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးကပြောသည်။ "အာဆီယံနဲ့ တရုတ်ကြားကုန်သွယ်မှုပမာဏ မြင့်မားလာနိုင်တယ်။ ကုန်သွယ်ဖက်နိုင်ငံတွေကြားအပြောင်းအလဲဖြစ်နိုင်တယ်။ရိုက်ခတ်မှုအဖြစ်ကုန်သွယ်ဖတ်နိုင်ငံတွေရဲ့ ရောင်းလိုအား၊ ဝယ်လိုအား၊ ထုတ်လုပ်မှု၊ စားသုံးမှုနဲ့ လုပ်ခလစာတွေပြောင်းလာနိုင်တယ်။ မြန်မာနိုင်ငံအနေနဲ့ဒီအချက်ကို အခြေခံပြီး ငွေကြေးဖောင်းပွမှုနှုန်း ထိန်းသိမ်းနိုင်ဖို့အရေးအကြီးဆုံးဖြစ်တယ်။ ငွေလဲနှုန်းတည်ငြိမ်သမျှတည်ငြိမ်အောင် ထိန်းဖို့လိုတယ်။ ဒါပြင်ဆင်မှုပဲ။ ဒီလိုပြင်ဆင်ထားခြင်းဟာ မြန်မာ့အနာဂတ်ဖြစ်ပေါ်မှုကုန်သွယ်ရေး ဖြစ်ပေါ်မှုအရှေ့ထဲမှာအနေအထားတစ်ခုဝင်ရောက် ယှဉ်ပြိုင်ဖို့ပြင်ဆင်ထားရာရောက်တယ်" ဟုဒေါက်တာအောင်ကိုကို (စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ) ကပြောသည်။ တရုတ် အာဆီယံလွတ်လပ်စွာ ကုန်သွယ်ရေးဇုန်သည် လူဦးရေရှုထောင့်အရ လူဦးရေ ၁ဒသမ ၉ဘီလီယံရှိကမ္ဘာ့အကြီးဆုံး ကုန်သွယ်ရေးဇုန်ဖြစ်ပြီး ကုန်သွယ်ရေးသဘောတူညီချက်တွင် အခြားအာဆီယံနိုင်ငံများသည်လည်း ငါးနှစ်အတွင်း ပါဝင်လာကြမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ၁၉ရက်နေ့ထုတ် Flower News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## အိမ်ရာအဆောက်အအုံပြပွဲ ၂၀၁၀ တပ်မတော်ခန်းမ၌ ကျင်းပမည်

IEMS Company Limited သည် အိမ်ရာအဆောက်အအုံပြပွဲ ၂၀၁၀ HOUSING & BUILDING 2010ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိတပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၅ရက်မှ ၈ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပြပွဲတွင် TMW Enterprise မှ Inax ကြွေပြား၊ ကျောက်ပြားများ၊ Sanyo မှ Sosuco ကြွေပြားများ၊ Champion construction Material မှ အိမ်ခန်းသုံးပစ္စည်းများနှင့်အလှဆင်ပစ္စည်းများ၊Pyae Sone Win Naing Co.,Ltdမှ Sakura, Orchid, Panasonicအမှတ်တံဆိပ်အိမ်သုံးအီလက်ထရွန်နစ်ပစ္စည်းများ၊ Regency မှ Midea Lighting အလှဆင်မီးသီးနှင့်မီးဆိုင်းများ၊ Asia Metal Co.,Ltd မှ ဆောင်လုပ်ရေးသုံးMetal နှင့် Metal Sructure များ၊ Naing Construction၊ Shine Construction၊ Aurora Group Construction နှင့် Opal Construction မှ ဆောက်လုပ်ရေးသုံပစ္စည်းများနှင့် အိမ်ရာပုံစံနှင့် အရောင်းပြခန်းများ၊အိမ်တွင်းအလှဆင်လုပ်ငန်းများ၊ TWJS Co.,Ltd မှ izenတံဆိပ်အဆင့်မြင့်အီလက်ထရွန်နစ်စနစ်သုံးဘိုထိုင်ခုံများ၊ Universal Furniture၊ Coffer Manufacturing နှင့် PW & GG JV Co., Ltd မှခေတ်မီဆန်းသစ်သောပရိဘောဂများ၊ Asterism International မှ ဆောက်လုပ်ရေးပစ္စည်းများနှင့် အိမ်ရာပုံစံငယ်များ၊အိမ်ရာအရောင်းပြခန်းများ၊ဆင်ပေါက်ဆောက်လုပ်ရေးမှ ခေတ်မီကြမ်းခင်းစနစ်နှင့်ကြမ်းခင်းသုံးအလှဆင်ပစ္စည်းများ၊ D & D Co., Ltd Interior Decoration ပြခန်းများ၊ ၁၃၃မှ အီလက်ထရွန်နစ်စနစ် အဆင့်မြင့်အိမ်သုံးတံခါးများ၊ Aluminium Empire မှ ပထမဆုံး ပိသာချိန်ဖြင့် ရောင်းချမည့် Aluminium Composite များ၊ Ever Seiko မှ ရေချိုးခန်းသုံး Stieble Eltron အမှတ်တံဆိပ်အဆင့်မြင့် ရေပူ၊ ရေအေးစက်ပစ္စည်းများ၊ Midea အမှတ်တံဆိပ် Ind -uction cooker များ၊ Three Friend Trading မှ အဆင့်မြင့် နောက်ဆုံးပေါ် ခြင်ဖမ်းစက်များ၊ GSR Stainless Steel မှ Stainless Steel သုံး ခေတ်မီအဆင့်မြင့် ဒီဇိုင်းဆန်းပစ္စည်းများ၊ ALLWAYS Hardware Mart မှ ဆောက်လုပ်ရေးလုပ်ငန်းသုံးနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ SP Group မှ Pure Air တံဆိပ် အဆင့်မြင့် Automatic Air Fresher များ၊Tharaphee မှ ကိုရီးယား Laminate Floor များကို ခင်းကျင်းပြသမည်ဖြစ်သည်။ ပြပွဲတွင် Spanky Music Production MD မျိုးမျိုး (GR) နှင့် တေးသံရှင်များ၏ ဖျော်ဖြေရေး အစီအစဉ်များအပြင် IEMS Company အနေဖြင့် နေ့စဉ် ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း -၀၉-၄၈၈၃၁၆၂၈သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁၇ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## မျိုးဆက်ပြန့်ပွားရေး သီးသန့်တယ်လီဖုန်းလိုင်းစီမံချက်ကို FM များမှ ထုတ်လွှင့်နိုင်ရန်စီစဉ်လျက်ရှိပြီး Email မှ တစ်ဆင့် မေးမြန်းနိုင်ပြီ

မြန်မာနိုင်ငံဆေးသုတေသနဦးစီးဌာန ( အောက်မြန်မာပြည်) မျိုးဆက်ပွားကျန်းမာရေးသီးသန့် တယ်လီဖုန်းလိုင်းစီမံချက်မှ ကျေးလက်နေပြည်သူလူထုများပါမကျန်သိရှိနိုင်ရန် မေးမြန်းနိုင်ရန်အတွက် ရည်ရွယ်ပြီး FM အချို့မှ တစ်ဆင့်လွှင့်ထုတ်ပေးနိုင်ရန် အကူအညီတောင်းမည်ဖြစ်ကြောင်း အဆိုပါစီမံချက်သို့တယ်လီဖုန်းလိုင်းဖြင့်မေးမြန်းဆက်သွယ်နိုင်ရုံသာမကဘဲ Email မှ တစ်ဆင့်လည်းမေးမြန်းနိုင်တော့မည် ဖြစ်ကြောင်းကို ယင်းစီမံချက်ကြီးကြပ်သူ ဒေါက်တာကိုကိုဇော်ထံမှ သိရသည်။ အခုဒီစီမံချက်ကို စတင်ခဲ့တာ ၂၀၀၉ ခုနှစ် မတ်လ ၂၃ရက်က ဆိုပါတော့။ မတ်လ ၂၃ရက်ကနေ ပြီးခဲ့တဲ့ဒီဇင်ဘာလကုန်အထိ မျိုးဆက်ပွား ကျန်းမာရေးသီးသန့်တယ်လီဖုန်းလိုင်း စီမံချက်ကနေ ကျန်းမာရေးအတွက် မေးမြန်းကြတဲ့သူ ၈၅၁ဦးရှိပါတယ်။ မေးမြန်းမှုအများဆုံးပြည်နယ်နှင့်တိုင်းဆိုရင်တော့ ဂျာနယ်/သတင်းစာစောင် စတာတွေအရောက်အပေါက်များတဲ့ ရန်ကုန်/မန္တလေး၊ ပဲခူး အဲဒီနေရာတွေက မေးမြန်းတဲ့သူအများဆုံးပါ။ တခြားနယ်ဝေးဒေသတွေနဲ့ကျေးလက်နေပြည်သူတွေပါ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဗဟုသုတကြွယ်ဝစေချင်တယ်။ သိချင်တာရှိရင်လည်း မေးစေချင်တာကြောင့်ပိုမိုကျယ်ပြန့်ဖို့ FM တွေကနေလွှင့်ထုတ်ပေးဖို့ရာအတွက် အကူအညီတောင်းဖို့ ကျွန်တော်တို့ကြိုးစားနေတယ်။ ဒီ zawkzaw@gmail.com ဆိုတဲ့ Email လိပ်စာကနေလည်း တစ်ဆင့်မေးမြန်းလို့ရပါပြီး”ဟု ဒေါက်တာကိုကိုဇော်မှ ပြောကြားပါသည်။ FM (7) ခုရှိသည့် အနက် မည်သည့် FM များမှ ထုတ်လွှင့်မည်ဆိုသည်ကို ရွေးချယ်နေဆဲဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဇန်နဝါရီ၂၀ရက်နေ့ထုတ် News Watch Weekly ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ရန်ကုန်မြို့တော်အင်္ဂါရပ်နှင့်မညီညွတ်သော City Taxi များအား စိစစ်ဖော်ထုတ်အရေးယူတော့မည်

ရန်ကုန်မြို့တော် အင်္ဂါရပ်နှင့် မညီညွတ်သော City Taxi များအား ဖော်ထုတ်အရေးယူရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၈-၁-၂၀၁၀)ရက်က ရန်ကုန်မြို့တော်စည်ပင်ရုံးတွင် ရန်ကုန်တိုင်း တက္ကစီအငှားယာဉ်ကြီးကြပ်ရေးကော်မတီက ပြုလုပ်ခဲ့သည်။ City Taxi များအနေဖြင့် လိုင်စင်ဝင်သည့်အခါတွင် ပတ်တီးရိုက်ပြုပြင်ထားကာလိုင်စင်ဝင်နေကြသည်ကိုတွေ့ရကြောင်း၊ City Board မရှိသည့် Taxi များ၊ ချလံရက်ကျော် Taxi များကို စစ်ဆေးကြည့်ရာတွင် အစီး(၁၀၀)တွင် အစီး (၆၀)ခန့်သာ တိကျသောလိုက်နာမှု ရှိသည်ကို တွေ့ရကြောင်း၊ သည့်အတွက်ကြောင့် အင်္ဂါ-ကြာသပတေးရက်များတွင် အထူးကြပ်မတ်စစ်ဆေးမှုများ အဖြစ် ခရိုင်အလိုက်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ လိုင်စင်ထုတ်ပေး မှုမှန်မမှန်များကိုလည်း ခရိုင်ရုံးများတွင် စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ပါရမီတက္ကစီအသင်းအနေဖြင့်လည်း စည်းကမ်းမလိုက်နာသည့် Taxi များကို စစ်ဆေးအရေးယူခဲ့ရာ Reject ထိသည့်Taxiများမှာ နံပါတ်အနက်သို့ ပြန်ပြောင်းခဲ့ရကြောင်း လေဆိပ်တက္ကစီများရှိသလို ဘုတာကြီးတက္ကစီဂိတ်လည်း လုပ်ဖို့စီစဉ်နေကြကြောင်း၊ တက္ကစီမီတာမချိုးသည့် Taxiများကုခရီးသည်ကတိုင်ကြား၍ဖြစ်စေ၊ စစ်ဆေးတွေ့ရှိ၍ဖြစ်စေ တွေ့ရှိပါက ပထမအကြိမ်တွင် လိုင်စင်တစ်လပိတ်နှင့် ဒဏ်ငွေ (၁၂၀၀၀)ကျပ်၊ ဒုတိယအကြိမ်တွင် လိုင်စင်သုံးလပိတ်နှင့် ဒဏ်ငွေ(၃၁၅၀၀၊တတိယအကြိမ်တွင် CNGထုတ်ခွင့်တစ်လပိတ်မည်ဖြစ်ကြောင်း၊ ယခုအထူးစစ်ဆေးမှုများကို ဇန်နဝါရီလလယ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ရန်ကုန်တိုင်း တက္ကစီအငှားယာဉ်ကြီးကြပ်ရေးကော်မတီ၊ ကညန၊ ပို့ဆောင်ရေးနှင့် ယာဉ်ထိန်းတို့ ပူးပေါင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁၅ရက်နေ့ထုတ် လျှပ်တစ်ပြက် ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဘားကုတ်စနစ်သုံး နိုင်ငံကူးလက်မှတ်သစ်နှင့် ပြည်ဝင်ခွင့်ဗီဇာများ ဧပြီလတွင် စတင်ထုတ်ပေးမည်

အချက်အလက်များကို လက်ရေးဖြင့်ရေးသားထားသော နိုင်ငံကူးလက်မှတ်(Passport)နှင့် ပြည်ဝင်ခွင့်ဗီဇာ(Visa)များပေါ်တွင်ကမ္ဘာ့အဆင့်မီဘားကုတ်များထည့်သွင်းထားသည့် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာများအဖြစ် ၂၀၁၀ပြည့်နှစ် ဧပြီလ ၁ရက်နေ့မှစတင်၍ ပြောင်းလဲထုတ်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့သတင်းတပ်ဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။ နိုင်ငံကူးလက်မှတ်နှင့် ပြည်ဝင်ခွင့်ဗီဇာများ ထုတ်ပေးရာတွင် ကွန်ပျူတာစနစ်သို့ ပြောင်းလဲအသုံးပြုရန်အတွက် စက်ဖြင့် ဖတ်ရှုနိုင်သော ခရီးသွား အထောက်အထားများဆိုင်ရာ စီမံကိန်းအတွက် လိုအပ်သောစက်ပစ္စည်းများကို ဇန်နဝါရီလ ၁၂ရက်ထုတ်နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့်ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးကော်မတီက တင်ဒါခေါ်ယူထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနထံမှ သိရှိရသည်။ နိုင်ငံကူးလက်မှတ်နှင့် ပြည်ဝင်ခွင့်ဗီဇာများကို စနစ်သစ်ဖြင့်ထုတ်ဝေမည်ဖြစ်သော်လည်းယင်းကာလမတိုင်မီထုတ်ပေးထားသည့် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာများမှာမူ မူလသက်တမ်းအတိုင်းရှိမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁၈ရက်နေ့ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂၁ရက်နေ့မှ ၂၇ရက်နေ့အထိ)

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင်အများအားဖြင့် သာယာမည်။

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နှစ်ရက်ခန့်နေရာကွက်ကျား မိုးရွာနိုင်ပြီးချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့်ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။

ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက်ပိုကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင်ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့ချောက်မြို့၊မင်းဘူးမြို့၊မကွေးမြို့အောင်လံမြို့၊ပြည်မြို့နှင့်ဟင်္သာတမြို့တို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များ အောက်ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာတို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါ သည်။

## အိန္ဒိယတွင် ယောဂကျင့်သော ထောင်သားများအား ထောင်သက်တမ်းလျှော့ချပေး

အိန္ဒိယနိုင်ငံ Madhya Pradesh ပြည်နယ်ရှိ အကျဉ်းထောင်တွင် ယောဂကျင့်စဉ်သင်တန်းများ တက်ရောက်သော အကျဉ်းသားများအား ထောင်သက်တမ်း လျှော့ပေါ့ပေးကြောင်း သိရသည်။ ယောဂကျင့်စဉ် သုံးလသင်တန်းတစ်ခု တက်ရောက်ပြီးလျှင် ၁၅ ရက် လျှော့ပေါ့ပေးကြောင်းသိရသည်။ ယောဂကျင့်စဉ်များသည် ထောင်သားများအား ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းတိုးတက်လာပြီး ရန်ဖြစ်တိုက်ခိုက်လိုစိတ်များကို လျှော့ချလာနိုင်စေကြောင်း အာဏာပိုင်များက ဆိုသည်။ ပြည်နယ်တွင်းရှိ ထောင်သား ၄၀၀၀ ခန့်သည် ထိုယောဂသင်တန်းများမှ အကျိုးကျေးဇူးများ ရရှိလျှက်ရှိကြပြီး ထောင်သားတချို့သည်ယောဂသင်တန်း၏နည်းပြဖြစ်လာကြသည်။ ယောဂကျင့်စဉ်ကျင့်ခြင်းဖြင့်ကိုယ်ခန္ဓာကြံ့ခိုင်စေခြင်း၊တည်ငြိမ်စေခြင်း၊ ဒေါသချုပ်တည်းနိုင်ခြင်း နှင့် စိတ်ဖိစီးမှုများအား လျှော့ချပေးခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပေသည်။ (ဘီဘီစီ)

## World expo အတွက် နောက်ဆုံး ပြင်ဆင်မှုများပြုလုပ်

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် မေလတစ်ရက်နေ့မှ အောက်တိုဘာ ၃၁ ရက်နေ့အထိ ခြောက်လကြာကျင်းပပြုလုပ်မည့်ကမ္ဘာ့ကုန်စည်ပြပွဲသို့နိုင်ငံခေါင်းဆောင်ငါးဆယ်ကျော်က လာရောက်ကြည့်ရှုအားပေးရန် စိတ်ဝင်စားလျှက်ရှိကြသည်ဟု သက်ဆိုင်ရာက ပြောကြားသည်။ ယမန်နေ့မှစ၍ ဖွင့်ပွဲအတွက် ရက် ၁၀၀ သတ်မှတ်ပြီးလျှင် နေ့စဉ် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဧပြီလကုန်အထိ အစမ်းဖွင့်ပွဲကို ငါးကြိမ်တိုင်တိုင်ကျင်းပ၍ ပြခန်းများ၏ အခြေအနေ လုံခြုံရေးနှင့် စေတနာ့ဝန်ထမ်း လုပ်အားပေးမှုများ၊ ကြည့်ရှုသူပရိသတ်အတွက် ဝန်ဆောင်မှုများနှင့် ကုန်ပစ္စည်းသယ်ပို့သည့်လုပ်ငန်းများကို အသေးစိတ်ကြီးကြပ်သွားမည်ဖြစ်သည်။ တမြို့လုံးက စိတ်ဝင်စားစွာဖြင့် ဖွင့်ပွဲများတွင် လူပေါင်းငါးသိန်းခန့် ပါဝင်လကျင့်ကြမည်ဖြစ်သည်။ နိုင်ငံပေါင်း ၁၉၂ နိုင်ငံနှင့် နိုင်ငံစုံအဖွဲ့အစည်းပေါင်း ၅၀ ခန့်တို့က လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုလက်မှုကဏ္ဍ တိုးတက်မှုများကို ထုတ်ဖော်ပြသကြမည်ဖြစ်သည်။စီးပွားရေးကျဆင်းမှုဒဏ် ခံနေရသော်လည်း နိုင်ငံအများအပြားသည် ပြပွဲတွင် အကောင်းဆုံးဖြစ်ရန် ကြိုးစားခဲ့ကြသည်။ အမေရိကန်နိုင်ငံသည် ၎င်း၏ပြခန်းအတွက် ဒေါ်လာ ၆၁ သန်း အကုန်အကျခံတည်ဆောက်ပြီးလျှင် ၎င်းပြခန်းကို ကုန်သွယ်ရေးပြခန်းမဟုတ်၊ အမေရိကား၏ လူမှုဘဝကိုထုတ်ဖော်ပြသရန်ဖြစ်သည်ဟု တာဝန်ခံပုဂ္ဂိုလ်ကပြောကြားသည်။ (ဆင်ဟွာ)

## ၂၀၂၀ အလွန်တွင် US ကို တရုတ်က စီးပွားရေးအရ ကျော်တက်သွားမည်

၂၀၂၀ ခုနှစ် နောက်ပိုင်းတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးအင်အားများ၏ ပြောင်းလဲမှုများကြောင့် အမေရိကန်နိုင်ငံအား ဖြတ်ကျော်၍ ကမ္ဘာ့ စီးပွားရေးအကြီးမားဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိလာမည်ဟု ထိပ်တန်းစီးပွားရေးအတိုင်ပင်ခံက ကြာသပတေးနေ့တွင် ပြောဆိုသည်။ PriceWaterhouseCooper(PWC) ၏ အဆိုအရ ၂၀၃၀ခုနှစ်အရောက်တွင် ကမ္ဘာ့စီးပွားရေးအကောင်းဆုံး ဆယ်နိုင်ငံစာရင်းတွင် တရုတ်နိုင်ငံက ဦးဆောင်၍ နောက်မှ အမေရိကန်၊ အိန္ဒိယ၊ ဂျပန်၊ ဘရာဇီးလ်၊ ရုရှ၊ ဂျာမနီ၊ မက္ကဆီကို၊ ပြင်သစ်နှင့် ဗြိတိန်တို့ ဖြစ်လာမည်ဟု သိရသည်။ လတ်တလောအခြေအနေတွင် 2008 ခုနှစ် နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့၏ စာရင်းများအရ အမေရိကန်သည် ထိပ်ဆုံးမှ ဦးဆောင်နေပြီး တရုတ်နိုင်ငံသည် တတိယအဆင့်ကသာ လိုက်နေသည်ဟု သိရသည်။ တရုတ်နိုင်ငံသည် အစောဆုံး ၂၀၂၀ ခုနှစ်တွင် ကမ္ဘာ၏ အကြီးဆုံးသော စီးပွားရေးအား ပိုင်ဆိုင်လာမည်ဖြစ်ပြီး ၂၀၃၀ခုနှစ်ခန့်တွင် အမေရိကန်အား သာလွန်သွားမည်ဖြစ်သည်ဟု PWC ၏ စီးပွားရေးဌာနခေါင်းဆောင်က ဆိုသည်။ တရုတ်နိုင်ငံနှင့် ယှဉ်လျှင် အိန္ဒိယနိုင်ငံသည်ငယ်ရွယ်သူများပြား၍လူဦးရေတိုးပွားနှုန်းလည်း လျှင်မြန်သောကြောင့် ၂၀၂၀ နောက်ပိုင်းတွင် တရုတ်နိုင်ငံထက်ပင် ပိုမိုတိုးတက်သွားနိုင်ချေရှိပြီး ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု (GDP)သည်လည်း လျှင်မြန်စွာတိုးတက်သွားလိမ့်မည်ဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် GDP အချိုးသည် အမေရိကန်၊ အီးယူ၊ တရုတ်၊ အိန္ဒိယ (20 ៖ 21 ៖ 13 ៖ 5) အချိုးဖြစ်ပြီး ၂၀၃၀ ခုနှစ်အရောက်တွင် (16 ៖ 15 ៖ 19 ៖ 9) အချိုးဖြစ်လာလိမ့်မည်ဟု PWC မှ ခန့်မှန်းပြောဆိုသည်။ (အေအက်ဖ်ပီ)

## အဝလွန်သူများကို လေယာဉ်စီးခွင့်ပိတ်ပင်တော့မည့် ပြင်သစ်လေကြောင်း

ဘေးကင်းလုံခြုံမှု ရှိရေးအတွက် အဝလွန်သည့် ခရီးသည်များအား လေယာဉ်စီးနင်းခွင့် ပိတ်ပင်တော့ရန်ရှိကြောင်း ပြင်သစ်လေကြောင်းလိုင်းမှထုတ်ဖော်ပြောဆိုသည်။ဥပဒေသစ်များအရ တစ်ယောက်ထိုင်ခုံနှင့် မဆံ့အောင် ဝနေသူများအား တခြားလေယာဉ်ပြောင်းစီးရန် တောင်းဆိုမည်ဖြစ်ကြောင်း သိရသည်။ အကယ်၍ဝသောသူများသည် ချောင်ချောင်ချိချိ လိုက်ပါနိုင်ရန် လက်မှတ်နှစ်ယောက်စာ ဝယ်ယူပါက ခရီးသည်ထိုင်ခုံပြည့်သည့် လိုက်ပါခြင်း မရှိပါလျှင်လက်မှတ်တစ်စောင်စာ ငွေပြန်အမ်းပေးမည်ဖြစ်သည်ဟုသိရသည်။ထိုဥပဒေသစ်သည် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။ ၂၀၀၅ ခုနှစ်ကတည်း ဝသောသူများအတွက် ဘေးချင်းကပ်တစ်ခုံဝယ်ယူလျှင် ၂၅% ဈေးလျှော့ပေးသည့် မူဝါဒအားကျင့်သုံးထားပြီးသား ဖြစ်ပေသည်။ Air France သည် ဥရောပတခွင်တွင် ငွေကြေးအတောင့်တင်းဆုံးသော လေကြောင်းလိုင်းအုပ်စုကြီးဖြစ်သည်။ (ဘီဘီစီ)

## ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲတွင် နေအိမ်များက ဟိုတယ်ဝန်ဆောင်မှုပေးမည်

မေလတွင် ကျင်းပမည့် ကမ္ဘာ့ကုန်စည်ပြပွဲကာလအတွင်း ရှန်ဟိုင်းမြို့ရှိ နေအိမ်တချို့သည် ယာယီဟိုတယ်များအဖြစ် ဝန်ဆောင်မှုပေးမည်ဟုသိရသည်။ စစ်မှန်သောဒေသတွင်းအတွေ့အကြုံများကို ရရှိလိုသည့် ခရီးသည်များအတွက် နေအိမ်များတွင် ခရီးသည်များအား တည်းခိုခွင့်ပေးခြင်းဖြစ်သည်။ဧည့်သည်ပေါင်း သန်း ၈၀ ခန့်အားနေရာထိုင်ခင်းအဆင်ပြေအောင် ဆောင်ရွက်ပေးရသည်မှာ လွယ်ကူသည့်ကိစ္စမဟုတ်သော်လည်း ယခုနှစ်အတွင်း ကမ္ဘာ့ကုန်စည်ပြပွဲသို့ လာရောက်မည့် ဧည့်သည်များအတွက် နေအိမ်များအားတည်းခိုခန်းအဖြစ် ယာယီပြောင်းလဲမည်မှာ ကျိန်းသေသော ကိစ္စတစ်ခုဖြစ်ပေသည်။ တစ်နေ့တည်းခိုစရိတ်မှာ ၃၅ဒေါ်လာဖြစ်ပြီး ထမင်းသုံးနပ်ကျွေးမွေးမည်ဖြစ်သည်။ ယခုအထိဧည့်သည်များအား တည်းခိုခွင့်ပေးမည့် နေအိမ်ပေါင်း ၄၆ ခုခန့်က ၎င်းတို့၏ နေအိမ်အားတတ်နိုင်သမျှ သက်တောင့်သက်သာရှိစေရန် အားသွန်ခွန်စိုက်ပြင်ဆင်နေကြပြီဖြစ်သည်။ အိမ်ရှင်များက 'hello' ' Thank you' စသည့် အင်္ဂလိပ်စကားအချို့အား လေ့လာသင်ယူနေကြသည်။ ရှန်ဟိုင်းမြို့၏ ကျော်ကြားသော လမ်းကျဉ်းအိမ်များတွင်မူ အိမ်ငှားခ၁၃ ဒေါ်လာ၊ ၁၄ ဒေါ်လာ သာကုန်ကျမည်ဖြစ်သည်။ (အေအက်ဖ်ပီ)

## တရုတ်နိုင်ငံက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်အား ဒေါ်လာ ၁၀.၈ သန်းအကုန်အကျခံ ပြုပြင်ထိန်းသိမ်း

တရုတ်နိုင်ငံ ရှန်ဇီပြည်နယ် Meng တောင်စောင်းရှိ ဂူတစ်ဂူထဲတွင် ၂၀၀၅ ခုနှစ်က လယ်သမားတစ်ယောက်သည် နှစ်ပေါင်း ၁၄၅၉ သက်တမ်းရှိသော ဗုဒ္ဓဆင်းတုတော်တစ်ဆူအား ရှာဖွေတွေ့ရှိခဲ့သည်။ယခုအခါထိုရုပ်ပွားတော်သည်မိုင်းတွင်းဟောင်းများ ပြိုကျမှုကြောင့်အန္တရာယ်နှင့် တွေ့ကြုံနေရပြီဖြစ်သည်။ထိုအန္တရာယ်များအားကယ်တင်ရန်အတွက် တရုတ်နိုင်ငံမှ ဒေါ်လာ ၁၀.၈ သန်း အကုန်အကျခံ၍ ပြုပြင်မည်ဖြစ်သည်။ ထိုရှေးဟောင်းရုပ်ပွားတော်အား ထိခိုက်မှုမရှိစေရန်အတွက် ၂၀၀၇ခုနှစ်က ကျောက်မီးသွေးတွင်း ၇တွင်းအား ပိတ်ပင်ထားလိုက်သည်။ အနီးအနားရှိ ရွာသူ/သားများက ထိုရုပ်ပွားတော်ကြီးသည် နိုင်ငံခြားသား ဧည့်သည်များအား ဆွဲဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်နေကြသည်။ (ဘီဘီစီ)

## ဂူးဂဲလ်၏ အန်းဒရိုက်မိုဘိုင်းလ်ဖုန်း ဖြန့်ချိရေး ရွှေ့ဆိုင်း

ဂူးဂဲလ်ကုမ္ပဏီသည် ဗုဒ္ဓဟူးနေ့တွင် ၎င်း၏ အန်းဒရိုက် မိုဘိုင်းလ်ဖုန်းအသစ်ကို တရုတ်နိုင်ငံ တလွှားတွင် ဖြန့်ချိရန် စီစဉ်ထားခဲ့သည်။ သို့သော်လည်း မကြာမီ ကာလများအတွင်းက ဂူးဂဲလ်၏ဝက်ဆိုက်အား အဆင့်မြင့်ဆိုက်ဘာတိုက်ခိုက်မှုများ ပြုလုပ်ခံရသည့်အပြင် တရုတ် အစိုးရအနေဖြင့် ဂူးဂဲလ်၏ အွန်လိုင်းလုပ်ရှားမှုများကို ကြီးကြပ် လျက်ရှိသည့်အတွက်ကြောင့် မိုဘိုင်းလ်ဖုန်းဖြန့်ချိရေးလုပ်ငန်းကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ပြောကြားသည်။ ဤအတော အတွင်းတွင် နိုင်ငံခြားကုမ္ပဏီများသည် နိုင်ငံ၏ ဥပဒေများနှင့် ဓလေ့ထုံးစံများကို လိုက်နာကြရမည်ဖြစ်သည်ဟု တရုတ်အစိုးရက ထုတ်ပြန်ကြေငြာသည်။ (ဘီဘီစီ)

## အဲရစ်ဆင်၏ နည်းပညာအဖွဲ့ ဟေတီတွင် မိုဘိုင်းဆက်သွယ်ရေးတည်ထောင်မည်

သဘာဝဘေးအန္တရာယ် ကျရောက်သောအခါ လူသားဆိုင်ရာ ကူညီထောက်ပံ့မှုများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ပိုမို သွက်လက်စေရန်အတွက် မိုဘိုင်း ဆက်သွယ်ရေးသည် အထူးပင်လိုအပ်လှသည်ဟု အဲရစ်ဆင်တယ်လီဖုန်းကုမ္ပဏီ၏ အကြီးအကဲက ပြောဆိုသည်။ ဟေတီတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို အကူအညီပေးရန်အတွက်အဲရစ်ဆင်၏ ဆက်သွယ်ရေးနည်းပညာအဖွဲ့အား သက်ဆိုင်ရာမှ အကူအညီတောင်းခံခဲ့သည်။ ထို့ကြောင့် နည်းပညာအဖွဲ့တစ်ဖွဲ့သည် ဟေတီနိုင်ငံသို့ အလျင်အမြန် ထွက်ခွာပြီးလျှင် ကွန်တိန်နာအခြေခံ GSM စနစ်အသေးစားတစ်ခုကို ထူထောင်ပေးမည်ဖြစ်သည်။ အဲရစ်ဆင်၏ အန္တရာယ်တုန့်ပြန်ရေးအစီအစဉ်ကို ၂၀၀၀ ခုနှစ်ကစ၍ တည်ထောင်ဖွဲ့စည်းထားခဲ့သည်။ (စီအန်အေ)

## တတိယမြောက် လမ်းကြောင်းပြဂြိုဟ်တု တရုတ်လွှတ်တင်

တရုတ်နိုင်ငံသည် အမှီအခိုကင်းသော ကမ္ဘာလုံးဆိုင်ရာ လမ်းကြောင်းပြကွန်ယက်တစ်ခုကိုတည်ဆောက်လျက်ရှိရာရှေ့ခြေတလှမ်းအနေဖြင့်တနင်္ဂနွေနေ့နံနက်ကတတိယကမ္ဘာပတ် လမ်းကြောင်းပြဂြိုဟ်တုတစ်လုံးကို ဇီချမ်းအာကာသစခန်းမှ လွှတ်တင်ခဲ့သည်။ ၎င်းဂြိုဟ်တုသည် ရှိနှင့်ပြီးဖြစ်သော ဂြိုဟ်တုနှစ်လုံးနှင့် ပေါင်းစပ်၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်သည်။ ၎င်းကွန်ယက်တွင် ဂြိုဟ်တု ၃၅ လုံး ပါရှိ၍ ၂၀၂၀ အရောက်တွင် တကမ္ဘာလုံးမှ သုံးစွဲသူများအား ကမ္ဘာ့လမ်းကြောင်းပြဝန်ဆောင်မှုကို ပေးအပ်သွားမည်ဖြစ်သည်။ယခုအခါ တရုတ်နိုင်ငံသည် အမေရိကန်နှင့် ရုရှပြီးလျှင် အမှီအခိုကင်းသော တတိယမြောက်ဂြိုဟ်တုလမ်းပြစနစ်ကို တည်ထောင်နိုင်သည့် နိုင်ငံအဖြစ်သို့ရောက်ရှိလာခဲ့ပြီဖြစ်သည်။ (ဆင်ဟွာ)

## ဆူနာမီဖြစ်ပေါ်နိုင်သည့် ငလျင်ကြီးတစ်ခု အင်ဒိုနီးရှားတွင် လုပ်ရန်ရှိ

ဆူနာမီရေလှိုင်းကြီးများဖြစ်ပေါ်၍ ၂၀၀၄ ခုနှစ် အာချေးငလျင်ကဲ့သို့ လူအမြောက်အမြားသေစေနိုင်သော ငလျင်ကြီးတစ်ခုသည် မကြာမီအချိန်အတွင်း အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းအနီးတွင်လှုပ်ခတ်နိုင်သည်ဟုမြောက်အိုင်ယာလန်နိုင်ငံအာစတာတက္ကသိုလ်မှပါမောက္ခဂျွန်မက်ကလော့စကီးနှင့်အဖွဲ့ကကြိုတင်ဟောကိန်းထုတ်ခဲ့သည်။ ၎င်းပါမောက္ခသည် ၂၀၀၅ ခုနှစ် ဆူမားတြားငလျင်ကြီးကို နှစ်ပတ်ခန့်ကြိုတင်၍ ခန့်မှန်းပြောဆိုခဲ့သူဖြစ်သည်။ ကမ္ဘာပေါ်တွင် ကြောက်စရာအကောင်းဆုံး ငလျင်ဖုံဖြစ်သော Sunda Trench အပိုင်းတွင် ရာစုနှစ် နှစ်ခုကတည်းက အင်အားများစုစည်းနေခဲ့ရာ ယခုအခါ စိုးရိမ်ဖွယ်အခြေအနေသို့ ရောက်ရှိနေပြီဟု ၎င်းကပြောဆိုသည်။၎င်းဖုံသည်ဆူမားတြားကမ်းခြေနှင့် အပြိုင်တည်ရှိ၍ မန်တာဝီကျွန်းများနှင့် ဆက်စပ်နေသဖြင့် ၎င်းဒေသကို မန်တာဝီအကွက်ဟု အမည်မှည့်ခေါ်ထားသည်။ ၎င်းငလျင်၏ အင်အားသည် ၈.၅ ခန့်ရှိနိုင်၍ ငလျင်ကြောပေါ်တွင် ရှိနေသော လူဦးရေ ၈၅၀၀၀၀ နေထိုင်သည့် ပဒန်းမြို့အတွက် အထူးပင်စိုးရိမ်စရာအခြေအနေဖြစ်သည်။ (အေအက်ဖ်ပီ)

## အီသီယိုပီးယား၏ ဒုတိယမြောက် ရေအားလျှပ်စစ်စက်ရုံ

အီသီယိုပီးယားသည် အိုမိုမြစ်ပရောဂျက်များ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဒုတိယမြောက် ရေအားလျှပ်စစ်စက်ရုံအား စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ရေကာတာမှ ရေများသည် နိုင်ငံ၏ ပြတ်တောက်နေသော လျှပ်စစ်ဓါတ်အားကို အားကောင်းစေလျှက် အဓိကလျှပ်စစ်ဓါတ်အား ထုတ်လုပ်တင်ပို့ပေးသော နိုင်ငံဖြစ်လာတော့မည်ဟုအီသီယိုပီးယားတို့ မျှော်လင့်လျက် ရှိကြသည်။ သို့သော် ဝေဖန်ရေးသမားများက ပတ်ဝန်းကျင်နှင့်မြစ်ကြောင်းတလျှောက်နေထိုင်ကြသောပြည်သူတို့အပေါ်မကောင်းသောအကျိုးဆက်သက်ရောက်မှုရှိမည်ဟု ကြောက်လန့်နေကြသည်။ ယခုရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံမှ လျှပ်စစ်ဓါတ်အား ၄၀၀ မီဂါဝပ်ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ ယင်း Gilgel Gibe II ရေအားလျှပ်စစ်စက်ရုံထံသို့ Gilgel Gibe I ရေအားလျှပ်စစ်စက်ရုံမှ ရေများသည် မြေအောက် ရေပိုက်လိုင်းမှတဆင့် ရောက်ရှိလာမည်ဖြစ်သည်။ Gilgel Gibe I ရေအားလျှပ်စစ်စက်ရုံသို့ အိုမိုမြစ်မှရေများ စီးဝင်သည်။ လွန်ခဲ့သောနှစ်ကကဲ့သို့ လျှပ်စစ်ဓါတ်အား ပြတ်တောက်မှု ထပ်မံဖြစ်ပေါ်ခြင်း မရှိစေရန် ပရောဂျက်များ စီစဉ်ထားရှိသည်။ နောက်တဆင့်တွင် Gilgel Gibe III ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မည်ဖြစ်ပြီး ထိုစက်ရုံမှ လျှပ်စစ်ဓါတ်အား ၁၈၀၀ မီဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ အီသီယိုပီးယားအစိုးရသည် လျှပ်စစ်ဓါတ်အား ထုတ်လုပ်၍ ပြည်တွင်း၌ သုံးစွဲသည့်အပြင် ဒေသတွင်းနိုင်ငံများသို့လည်း တင်ပို့လိုသည့် ဆန္ဒရှိသည်။ Djibouti၊ ကင်ညာနှင့် ဆူဒန်နိုင်ငံတို့သည် အီသီယိုပီးယားမှ လျှပ်စစ်ဓါတ်အား ဝယ်ယူရန်သဘောတူညီထားပြီး ဖြစ်သည်။ စီစဉ်ထားသည့်အတိုင်း အကောင်အထည်ပေါ်လာပါက ကော်ဖီအစား၊ လျှပ်စစ်ဓါတ်အားသည် အီသီယိုပီးယားနိုင်ငံ၏ ပမာဏအများဆုံးသော ပို့ကုန်ဖြစ်လာပေမည်။ (ဘီဘီစီ)

# သတင်းအတို

## ရတနာပုံတိရစ္ဆာန်ဥယျာဉ်ဝင်ကြေးတိုးမြှင့်ကောက်

ရတနာပုံတိရစ္ဆာန်ဥယျာဉ် ဝင်ကြေးများကိုတစ်ဦးလျှင်ကျပ် ၅၀၀နှုန်းဖြင့် ဇန်နဝါရီလမှ စတင်ကောက်ခံလျက်ရှိကြောင်းသိရသည်။ ကလေးတစ်ဦးလျှင်ကျပ်၂၀၀ကောက်ခံရာယခင်က ဝင်ကြေးမှာ ကလေးတစ်ဦးလျှင် ၁၀၀၊ လူကြီးတစ်ဦးလျှင် ကျပ် ၂၀၀ဖြင့်သည်။ မန္တလေးရတနာပုံတိရစ္ဆာန်ဥယျာဉ်သည် စနေနှင့် တနင်္ဂနွေတို့တွင် အပန်းဖြေလာသူများကိုမျက်လှည့်၊ ဆင်လိမ္မာ၊ မျောက်လိမ္မာများဖြင့်ဖျော်ဖြေလျက် ရှိပြီးလွှတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ အခမ်းအနားပွဲ နေ့များတွင် ပျော်ပွဲရွှင်ပွဲများလည်း ပြုလုပ်ပေးလျက်ရှိကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၂ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကမ္ဘာ့အကြီးဆုံးကျောက်စိမ်းရုပ်ပွားတော်ထုလုပ်ရန်မြန်မာနိုင်ငံမှ ဝယ်ယူသွားခဲ့သောကျောက်စိမ်းတုံးကြီး ဗီယက်နမ်တွင်ပြသ

ကမ္ဘာ့အကြီးဆုံး ကျောက်စိမ်းရုပ်ပွားတော်ထုလုပ်ရန် မြန်မာနိုင်ငံမှ ဝယ်ယူသွားခဲ့သော ကျောက်စိမ်းတုံးကြီးအားဇန်နဝါရီလ ၁၈ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ၌ စတင်ပြ သခဲ့ပြီးရုပ်ပွား တော်ထုလုပ်မှုစတင်ခြင်း အခမ်းအနားကိုကျင်းပခဲ့ကြောင်းသိရသည်။ ဗီယက်နမ်ကျောက်မျက်တွင်းပိုင်ရှင် Dao Trong Cuong သည်၃၅တန်လေးသည့် ယင်းကျောက်စိမ်းတုံးကြီးကို မြန်မာနိုင်ငံမှ ဒေါ်လာနှစ်သန်းဖြင့်ဝယ်ယူခဲ့ပြီး ဗီယက်နမ်နိုင်ငံသို့ ပြီးခဲ့သည့်နှစ်အောက်တိုဘာလအတွင်းကတင်ပို့ခဲ့သည်။ ဗီယက်နမ်နိုင်ငံမှပန်းချီပန်းပုပညာရှင် ၅၀ပါဝင်သောအဖွဲ့သည် ယင်းကျောက်စိမ်းတုံးကြီးအား တန်၂၀လေးသည့် ကျောက်စိမ်းရုပ်ပွားတော်ကြီးအဖြစ် ထုလုပ်သွားမည်ဖြစ်ပြီးထုလုပ်ပြီးပါက တန်၂၀မျှလေးမည်ဖြစ်သည်။ စတင်ထုလုပ် သည့်အခမ်းအနားသို့ ဗီယက်နမ်သံဃာတော်များ၊ ဗီယက်နမ်သမ္မတငုယင်မင်ထရီယက်နှင့် အခြားနိုင်ငံရေးနယ်ပယ်မှ ပုဂ္ဂိုလ်များလည်းတက်ရောက်ခဲ့ပြီးသမ္မတက ကျောက်စိမ်းတုံးကြီးကို စတင်ထွင်းထု ပေးခဲ့သည်။ ကျောက်စိမ်းတုံးကြီးမှာ ၁၀ပေမျှမြင့်ပြီးအလျားအနံခြောက်ပေခွဲမျှရှိသည်။ ရုပ်ပွားတော်ထုလုပ်ရန်အတွက် နှစ်နှစ်မျှအချိန်ယူရမည်ဖြစ်ပြီး ထုလုပ်ပြီးစီးပါကဥာဏ်တော် ၉ပေ၈လက်မမျှရှိမည်ဖြစ်ကာ ဂင်းနစ်ကမ္ဘာ့မှတ်တမ်းတွင် ကမ္ဘာ့အကြီးဆုံးကျောက်စိမ်းရုပ်ပွားတော်အဖြစ်မှတ်တမ်းဝင်ရန်ပါ ရည်ရွယ်ထားကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ၂၂ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ပါမောက္ခဒေါက်တာမောင်မောင်စိုး(ဘောဂဗေဒ)မှ"စီးပွားရေးလုပ်ငန်းများအတွက်စွမ်းဆောင်နိုင်ရည် တည်ဆောက်မှု" ခေါင်းစဉ်ဖြင့်ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းကျင်းပသည့် ဟောပြောပွဲများကို ၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ ၊ (၇)ရက်နေ့မှစ၍ (၂)ပတ်လျှင် တစ်ကြိမ် ကျင်းပလျှက်ရှိပါသည်။ ၂၀၁၀ခုနှစ်တွင်လည်း( ၂)ပတ်လျှင်တစ်ကြိမ်ဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။ ယခုကျင်းပမည့် ဟောပြောပွဲအမှတ်စဉ်(၂/၂၀၁၀)ကို SUPREME GROUP OF COMPANIES ၏ပံ့ပိုးကူညီမှုဖြင့် ပါမောက္ခဒေါက်တာမောင်မောင်စိုး(ဘောဂဗေဒ) မှ "CAPACITY BUILDING FOR PROFIT SEEKING ORGANIZATIONS""စီးပွားရေးလုပ်ငန်းများအတွက်စွမ်းဆောင်နိုင်ရည်တည်ဆောက်မှု" ခေါင်းစဉ်ဖြင့်ဟောပြောဆွေးနွေးမည်ဖြစ်ပါသည်။ ၎င်းဟောပြောပွဲကို ၂၀၁၀ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်(စနေနေ့) ၊ နေ့လည်(၂း၀၀)နာရီတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ရန်ကုန်တွင်ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့်စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပါကြောင်း သတင်းရရှိပါသည်။

## ကောင်းကင်ဂြိုဟ်တုဓာတ်ပုံများအား မြေပြင်မြေပုံအဖြစ် ပြောင်းလဲအသုံးချသင်တန်းဖွင့်မည်

နည်းပညာနှင့် ပတ်သက်သော လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေရသော အစိုးရဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီများတွင် အသုံးချရန်လိုအပ်သော Google Earth မှ ကောင်းကင်ဂြိုဟ်တုဓာတ်ပုံများအား မြေပြင်ပုံများအဖြစ်သို့ ပြောင်းလဲအသုံးချနိုင်မည့် သင်တန်းတစ်ခုကို Credent Technology Co., Ltd မှ ယခုလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ ကောင်းကင်ဂြိုဟ်တုဓာတ်ပုံများကို မြေပြင်မြေပုံများအဖြစ်သို့ ပြောင်းလဲအသုံးချနည်းများကို သင်ကြားမည့် Google Earth နှင့် GIS လက်တွေ့အသုံးချနည်းသင်တန်းတွင် GIS Concept , Introducing to GIS , Arc GIS အသုံးပြုပုံ၊ မြေပုံများကို Arc GIS DGIS နှင့် Google Earth မှ GIS Map များ ထုတ်ယူနိုင်ပုံတို့ကို စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဟု အဆိုပါကုမ္ပဏီမှ သိရသည်။ Google Earth နှင့် GIS သင်တန်းအား ယခုလ ၂၃၊ ၂၄ နှင့် ၃၀၊ ၃၁ ရက်များတွင် လေးရက်သင်ကြားပေးမည်ဖြစ်ပြီး၊ သင်တန်းကြေးမှာ တစ်ဦးလျှင် ကျပ်သုံးသောင်းဖြစ်သည်။ သင်တန်းအား လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက်ခ်အဆောက်အဦအတွင်းရှိ e-learning centre ၌ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၁ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပထမဆုံးသော ပုဂ္ဂလိကပိုင် ငါးသုတေသနစင်တာဖွင့်မည်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်(MFF)ငါးသုတေသနစင်တာ တစ်ခုကို မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း MFF မှ တာဝန်ရှိသူ ဒေါ်တိုးနန္ဒာတင်က ၁၂-၁-၂၀၁၀ရက်တွင် ပြောသည်။ အဆိုပါစင်တာကို ယခုနှစ်တွင် အကောင်အထည်ဖော်သွားမည်ဟု သိရသည်။ ငါးလုပ်ငန်းသုတေသနစင်တာတွင် မြန်မာတစ်နိုင်ငံလုံးရှိ ငါးမျိုးစိတ်အားလုံးကို အသေးစိတ် သုတေသနပြု လေ့လာသွားမည်ဟု သိရသည်။ ဒီစင်တာတည်ဆောက်ပြီးရင် ငါးမွေးတဲ့သူတွေအတွက် အများကြီးအထောက်အကူဖြစ်သွားမှာပါ။ သုတေသနလုပ်ထားတာတွေရှိလာမယ့်အတွက် ငါးတစ်မျိုးမျိုးမွေးမြူချင်တယ်ဆိုရင် ဒီငါးက ဘယ်ဒေသမှာအောင်မြင်နိုင်တယ်၊ ဘယ်ရာသီမှာ ပေါက်ဖွားတယ်စသဖြင့် အသေးစိတ် အချက်အလက်တွေကို ရရှိမှာဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၁ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင် ဖော်ပြထားပါသည်။

## Dr.Khin Maung Lwin မှပန်းသေပန်းညှိုးရောဂါ နှင့်သဘာဝဆေးပညာအကြောင်းသိကောင်းစရာ ရှင်းလင်းပြောကြားမည်

Dr.Khin Maung Lwin (Honorary Professor) M.B.B.S, PhD (Alternative Medicine), DBA (Industrial Management) Managing Director, FAME Pharmaceuticals မှ ပန်းသေပန်းညှိုးရောဂါနှင့် သဘာဝဆေးပညာအကြောင်းသိကောင်းစရာများအားရှင်းလင်းပြောကြားမည်။ ၎င်းရှင်းလင်းပွဲကို ၂၀၁၀ခုနှစ်ဇန်နဝါရီ ၂၁ရက်နေ့(ကြာသပတေးနေ့)၊ နံနက်၈း၃၀ မှ ၁၁နာရီအထိမန္တလေးမြို့ (Sedona Hotel (Amarapura Ballroom)၌ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆိုလာရောက်ကြည့် ရှုလေ့လာနိုင်ကြောင်း ၂၀၁၀ခုနှစ်ဇန်နဝါရီ ၁၄ရက်နေ့ထုတ် ကမ္ဘာ့စီးပွားရေးဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာနှင့်ပြင်သစ် ပူးပေါင်း၍ အရုပ်ပြဇာတ်နှင့် ရုပ်သေးပွဲ ကျင်းပမည်

မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံမှ ရုပ်သေးပညာရှင်များ ပူးပေါင်း၍ အရုပ်ပြဇာတ်နှင့် ရုပ်သေးပွဲကို ၂၃-၁-၂၀၁၀ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသဘင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးရဲခွေးက ၁၄-၁-၂၀၁၀ရက်တွင် ပြောသည်။ အဆိုပါပွဲကို မြန်မာနှင့် ပြင်သစ်နှစ်နိုင်ငံအကြား ယဉ်ကျေးမှု ဖလှယ်ရေးမြှင့်တင်ရန် ရည်ရွယ်၍ ပြင်သစ်ယဉ်ကျေးမှုဌာနမှ စီစဉ်ကျင်းပခြင်းဖြစ်သည်။ "ကျွန်တော်တို့ မြန်မာအနေနဲ့တော့ ရုပ်သေးပညာရှင် ကျွန်တော်အပါအဝင် သုံးဦးပါမယ်။ အခု ကျွန်တော်တို့ ဆက်တိုက်နေကြပါတယ်" ဟု ဦးရဲခွေးက ပြောသည်။ အဆိုပါရုပ်သေးပွဲတွင် နှစ်နိုင်ငံရိုးရာ ရုပ်သေးပညာများ ပြသကြမည်ဖြစ်ပြီး သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးခြင်း၊ သဘာဝပတ်ဝန်းကျင် ပြောင်းလဲခြင်းတို့ကြောင့် အနာဂတ်တွင် လူသားတို့၏ ဘဝများအပေါ် မည်သို့ ရိုက်ခတ်ပြောင်းလဲမှုရှိလာနိုင်မည်ကို ဖော်ညွှန်းမည့် ရုပ်သေးပြကွက်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ရုပ်သေးပွဲကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ ပြင်သစ်ယဉ်ကျေးမှုဌာန (Alliance Francaise) တွင် ကျင်းပမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၁ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ " MFTRS for SMEs ( Part -II)"ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင်ပါမောက္ခဦးမော်သန်းက လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော MFTRS for SMEs ( Part -II)ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇန်နဝါရီ ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင်ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ကျင်းပမည်ဖြစ်ပြီး ဟောပြောပွဲတက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်သည်။
ဟောပြောပွဲတက်ရောက်ရန်အတွက် ဇန်နဝါရီ ၂၇ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း( အမှတ် ၁/၁၉သခင်မြပန်းခြံလမ်းစာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်လိုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကိုလက်ခံမည်မဟုတ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသူ သင်တန်းသားများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်) ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၀ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

## Miss Tourism 2010 ဆုရရှိသူ ခရီးသွားလုပ်ငန်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နိုင်

မြန်မာ့ခရီးသွားလုပ်ငန်းရှင်များအသင်း Miss Tourism ၂၀၁၀ဆု ရရှိသူသည် ခရီးသွားလုပ်ငန်း၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နိုင်ကြောင်း မြန်မာ့ခရီးသွားလုပ်ငန်းရှင်များအသင်း၏ အတွင်းရေးမှူး ဦးတင်ထွန်းအောင်က ၁၅-၁-၂၀၁၀ ရက်တွင်ပြောသည်။ "နိုင်ငံခြားခရီးစဉ် တွေရှိတဲ့အခါ ခရီးသွား လုပ်ငန်းကိုယ်စားလှယ်ဖြစ်နိုင်ပါတယ်။ Miss Tourism ၂၀၁၀ရတဲ့သူက ဒီကိုယ်စားလှယ်အလုပ်ကို လုပ်ရမယ်လို့ စာချုပ်ထားတာမျိုးတော့မဟုတ်ပါဘူး။ မလုပ်ချင်လည်း မလုပ်ဘဲနေလို့ရတယ်"ဟု ၎င်းကပြောသည်။ ပြိုင်ပွဲကို ၁၂-၂-၂၀၁၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်သူသည် စိတ်ကြိုက်ဝတ်စုံတစ်စုံနှင့် ရိုးရာဒေသတစ်ခုခုကို ကိုယ်စားပြုသော ဆန်းသစ်တီထွင်ထားသည့် ဝတ်စုံတစ်စုံ စုစုပေါင်းနှစ်စုံဖြင့် ယှဉ်ပြိုင်နိုင်ကြောင်း၊ ထိုသို့ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း၊ မြန်မာနိုင်ငံအတွင်းမှ စိတ်ဝင်စားစရာ ဒေသများအကြောင်း အများသိစေလိုခြင်းနှင့် မြန်မာတို့၏ ဖော်ရွေမှုများကို သိရှိစေရန်ဖြစ်ကြောင်း ၊ Miss Tourism ၂၀၁၀ ဆု ရရှိသူအား ငွေသားဆုချီးမြှင့်မည်ဖြစ်ကြောင်း၊ လျှောက်လွှာများကို လပြည့်ဝန်းပလာဇာ ၁၀ထပ်ရှိ People မီဒီယာရုံးခန်းနှင့် Talents and Model အေဂျင်စီရုံးခန်းများတွင် ရယူနိုင်ပြီး လျှောက်လွှာကြေးမှာ ကျပ် ၅၀၀၀ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၁ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင် ဖော်ပြထားပါသည်။

## အရေးပေါ်သွေးလိုအပ်ပါက ၂၄နာရီ အခမဲ့လှူဒါန်းပေးမည်

အရေးပေါ်သွေးလိုအပ်ပါက ၂၄နာရီစလုံး အခမဲ့အကူအညီတောင်းခံနိုင်ကြောင်း သွေးလှူဒါန်းပေးမည့် သွေးမေတ္တာ သွေးအလှူတော်အဖွဲ့၏ တည်ထောင်သူ ဦးမြတ်ကျော်က ပြောကြားသည်။ မည်သည့်ဆေးရုံ၌မဆို သွေးအကူအညီလိုအပ်ပါက လှူဒါန်းပေးမည်ဖြစ်ပြီး သွေးလိုအပ်သည့် လူနာရှင်က လာရောက်အကူအညီတောင်းခံခြင်းမပြုနိုင်ပါက ဖုန်းဖြင့်လည်း အကူအညီတောင်းခံနိုင်ကြောင်း၊ ဖုန်းဖြင့် သွေးအကူအညီတောင်းခံမည်ဆိုပါက သွေးအလိုရှိသူ၏ အမည်၊ သွေးအမျိုးအစား၊ ဆေးရုံအမည်၊ တိုကင်နံပါတ်စသည်တို့ကို ပေးရမည်ဖြစ်ကြောင်း။ အလှူအဖွဲ့မှ လူနာနှင့် ကိုက်ညီသော သွေးအလှူရှင်ကို ဆေးရုံသို့သွားရောက် လှူဒါန်းစေမည်ဖြစ်ကြောင်း သိရသည်။ သွေးလှူဒါန်းလိုသူများအနေဖြင့် အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်နိုင်ပြီး အဖွဲ့ဝင်မည်ဆိုပါက နာမည်၊ မှတ်ပုံတင်၊ နေရပ်လိပ်စာ၊ သွေးအမျိုးအစားနှင့် ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ နေရပ်လိပ်စာ၊ ၂၄နာရီအတွင်း လှူဒါန်းနိုင်မည်ဟု ကတိပြုချက် စသည်တို့ ပေးအပ်ရန်လိုအပ်ပြီး ဓာတ်ပုံသုံးပုံနှင့် ပူးတွဲတင်ပြကာ အဖွဲ့ဝင်နိုင်ကြောင်း သိရသည်။ "ပျမ်းမျှအားဖြင့် အဖွဲ့ရဲ့ သွေးလှူနှုန်းက တစ်နေ့ကို ၁၀ပုလင်းဝန်းကျင်ရှိပါတယ်။ ရန်ကုန်မြို့ရဲ့ ဘယ်နေရာဖြစ်ဖြစ် သွေးအကူအညီလိုအပ်ရင် တောင်းခံနိုင်ပါတယ်" ဟု ၎င်းက ပြောကြားသည်။ အရေးပေါ်သွေးလိုအပ်သူများအနေဖြင့် သွေးအကူအညီတောင်းခံလိုပါက တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ စက်မှုလက်မှု ၂လမ်း၊ အမှတ် ၁၀၀၊ သွေးမေတ္တာ သွေးအလှူတော်အဖွဲ့သို့ လာရောက်၍ဖြစ်စေ၊ တစ်ဆင့်ခေါ်ဖုန်း ၅၄၉၄၃၄သို့လည်း ဆက်သွယ်၍ဖြစ်စေ သွေးအကူအညီတောင်းခံနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၁ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် မြို့များတွင် မိုဘိုင်းလ်ဖုန်းအလုံးရေ ငါးသိန်းကျော် ချပေးမည်

မြန်မာနိုင်ငံရှိ ရန်ကုန်-မန္တလေး အပါအဝင် ပြည်ထောင်စုလမ်းမကြီးများတစ်လျှောက်ရှိ မြို့များအားလုံး၌ မိုဘိုင်းလ်ဖုန်းငါးသိန်းကျော် ပြည့်မီအောင် ယခုနှစ်အတွင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ပြည်ထောင်စုလမ်းမကြီး ၁၃ခုရှိရာ လမ်းမကြီးများတစ်လျှောက်ရှိ မြို့များအားလုံးတွင် မိုဘိုင်းလ်ဖုန်းများ သုံးစွဲနိုင်အောင် စုစုပေါင်းမိုဘိုင်းလ်ဖုန်း ငါးသိန်းကျော်ပြည့်မီရန် ၂၀၁၀-၂၀၁၁ခုနှစ်တွင် မိုဘိုင်းလ်တယ်လီဖုန်း ၁၃၀၀၀၀ချထားပေးသွားမည်ဟု ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရသိရကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁၉ရက်နေ့ထုတ်Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

Learning English Effectively ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပမည်

အင်္ဂလိပ်စာလေ့လာနေသူများအတွက်ရည်ရွယ်၍ Learning English Effectively ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ခုကို ၂၀၁၀ပြည့်နှစ်၊ ဇန်နဝါရီလ ၃၁ရက်နေ့ နံနက် ၁၀နာရီမှ နေ့လယ် ၁၂နာရီအထိ OESC Seminar Room တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဆွေးနွေးပွဲတွင် အင်္ဂလိပ်စာကို ကြောက်ရွံ့မှုမရှိဘဲ ပေါ့ပါးသွက်လက်စွာ ပြောဆိုနိုင်စေရန် လေ့လာပုံ လေ့လာနည်း၊ မိမိ၏ နားထောင်ရည်စွမ်းရည်ကို မည်ကဲ့သို့တိုးတက်လာစေရန် လုပ်ဆောင်မည်နည်း၊ မိမိ၏ စာအရေးအသားကို မည်ကဲ့သို့ ထိရောက်မှုရှိစေရန် ပြုလုပ်မည်နည်း၊ စကားလုံးဝေါဟာရကြွယ်ဝစေရန် မည်သို့လေ့လာရမည်နည်း၊ မိမိ၏ Communication Skill တက်လာစေရန် မည်သို့လေ့လာမည်နည်း၊ သဒ္ဒါအရေးအသားမှန်ကန်စေရန် မည်သို့လေ့လာရမည်နည်း၊ မိမိ၏ ရုံးတွင်ဖြစ်စေ၊ အင်တာဗျူးတွင်ဖြစ်စေ မိမိ၏ Presentation Skill ကောင်းမွန်စေရန်မည်သို့ ဖော်ထုတ်ပြမည်နည်းစသည့်အကြောင်းအရာတို့ကို အဓိကထားဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဆွေးနွေးပွဲသို့ အင်္ဂလိပ်စာစိတ်ဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်လေ့လာနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၁ရက်နေ့ထုတ် Internet ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပန်းချီသန်းမြင့်အောင်ရဲ့ ဒုတိယအကြိမ်မြောက် တစ်ကိုယ်တော်ပြပွဲပြုလုပ်မည်

'A Portrait of Serene Rakhine' အမည်ဖြင့် ပန်းချီသန်းမြင့်အောင်ရဲ့ ရခိုင်ဒေသ၏ အေးငြိမ်းကြည်လင်သော သဘာဝရှုခင်း၊ ပုံတူပန်းချီ ဆီဆေးကားများ စုစည်းပြသမည့် ဒုတိယအကြိမ် တစ်ကိုယ်တော်ပန်းချီပြပွဲကို အမှတ် ၈၄(အေ)၊ သံလင်လမ်း၊ ရွှေတောင်ကြား၊ ဗဟန်းရှိ New Treasure Art Gallery တွင် ဇန်နဝါရီ ၂၃ရက်မှ ဖေဖော်ဝါရီ ၂၀ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁၉ရက်နေ့ထုတ် ပေါ်ပြူလာဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ ဇန်နဝါရီ ၂၂ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီမှ ၂နာရီခွဲအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အခန်း(၂၀၅) ၌ UK ရှိ Nokia ကုမ္ပဏီမှ Senior Test Analyst ဖြစ်သူ Mr.Len Aye က Software Testing ပြုလုပ်သည့် နည်းစနစ်များဖြစ်သည့် Testing Tools, Test case generation , error management, test case management,test Reporting အစရှိသည်တို့နှင့် ပတ်သက်၍ ဆွေးနွေးဟောပြောမည်ဖြစ်သည်။ အဆိုပါဟောပြောပွဲသို့ စိတ်ဝင်စားသူမည်သူမဆို ကြိုတင်စာရင်းပေးသွင်းရန်မလိုဘဲ အခမဲ့ တက်ရောက်နိုင်ပြီးအသေးစိတ် သိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ရုံးခန်းအဆောင်(၄)အခန်း(၄) ဖုန်း-၆၅၂၂၇၆သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း ၂၀၁၀ခုနှစ်ဇန်နဝါရီ ၁၇ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

## အောင်ဆန်းတပ်ဦးဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ
## ခန္ဓာဉာဏ်ရောက် ဝိပဿနာမြင်ကွင်းဓမ္မရသစာစုများ

အသေမဦးပါစေနှင့်

ကြိုးစားအားထုတ်ရမယ်ဆိုတာ တခြားလုပ်ရမှာလား၊ ဝိပဿနာအလုပ်လုပ်ရမှာလား။ (ဝိပဿနာပါဘုရား)။ ဝိပဿနာတရား အလုပ်လုပ်ရမယ်။ ဝိပဿနာတရား အလုပ်လုပ်ဖို့ ဆုံးဖြတ်ချက် ချပြီးပြီနော်။ (ချပြီးပါပြီဘုရား)။ ဆုံးဖြတ်ချက်ချပြီးလို့ရှိရင် နက်ဖြန်သဘက် ရွှေ့မနေနဲ့။ နောက်ရက်မှာမှ လုပ်မယ်၊ နောက်လ နောက်နှစ်မှလုပ်မယ်၊ အလုပ်အားမှ အလုပ်နားမှလုပ်မယ်ဆိုရင် ဖြစ်ပဲ့မလား။ (မဖြစ်ပါဘုရား)။ အဇ္ဇေဝ ကိစ္စံကာတံ၊ ကောဇညာ မရဏံသဝေ = လုပ်စရာရှိတာ ကနေ့ကအတိုင်း လုပ်ထား။ နက်ဖြန်သေမယ်၊ သဘက်ခါသေမယ်ဆိုတာ ဘယ်သူမှမသိဘူးတဲ့။ သိပဲ့မလား။ (မသိပါဘုရား)။ အဲဒါကြောင့် အသေက ဦးသွားလိမ့်မယ်။ အသေမဦးခင် ဉာဏ်ဦးဖို့ ဆရာတော်ကြီး တသ သ မဆုံးမဘူးလား။ (ဆုံးမပါတယ်ဘုရား)။ ဉာဏ်မဦးခင် အသေဦးသွားရင် ဒကာ၊ ဒကာမတွေ ကိုယ်ကျိုးလုလုနည်းပါလိမ့်မယ်။ (မှန်ပဲ့ဘုရား)။ ဒါကြောင့် မအိုခင်၊ အနာခင်၊ မသေခင် တခြားလုပ်ရမှာ လား၊ တရားအားထုတ်ရမှာလား။ (တရားအားထုတ်ရမှာပါဘုရား)။ ကဲ ဒီလိုဖြင့် ဆိုကြည့်ကြစမ်းပါဦး-

-မအိုသေးခင်၊ တရားဝင်၊ အဆင်ပြေလှသည်။
- အိုသောခါမှ၊ တရားမရ၊ မှားကြပါလိမ့်မည်။
- မနာသေးခင်၊ တရားဝင်၊ အဆင်ပြေလှသည်။
- နာသောခါမှ၊ တရားမရ၊ မှားကြပါလိမ့်မည်။
- မသေသေးခင်၊ တရားဝင်၊ အဆင်ပြေလှသည်။
- သေသောခါမှ၊ တရားမရ၊ မှားကြပါလိမ့်မည်။

ခန္ဓပဋိစ္စသမုပ္ပါဒ်နားလည်ရင်

တရားဝင်မယ်၊ တရားအားထုတ်မယ်ဆိုတဲ့နေရာမှာ ဒကာ၊ ဒကာမတွေ ပထမဦးဆုံး နားလည်ရမှာက ခန္ဓပဋိစ္စသမုပ္ပါဒ်ပါပဲ၊ ဘာကိုနားလည်ရမယ်၊ (ခန္ဓပဋိစ္စသမုပ္ပါဒ်)၊ အဲဒီခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်မှုနဲ့ ပတ်သက်ပြီးတော့ ဝိသုဒ္ဓိမဂ်မှာလာတဲ့ သာဓကလေးတစ်ခုနဲ့ ဒကာ၊ ဒကာမတွေကို ကျေးဇူးဆပ်လိုပါတယ်။

ဒီကနေ့ ဒကာ၊ ဒကာမများသည် ဦးပဥ္စင်းအပါအဝင် သံဃာတော်အရှင်မြတ်များကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါး ထောက်ပံ့တဲ့အတွက်ကြောင့် ကျေးဇူးရှိတယ်လို့ ဒီလိုပြောပါတယ်။ အဲဒီကျေးဇူးတရားကို ပြန်နိုင်ဖို့လွယ်ပဲ့မလား။ (မလွယ်ပါဘုရား)။ သိနိုင်ဖို့ရော လွယ်ပဲ့မလား။ (မလွယ်ပါဘုရား)။ အဲဒါကြောင့် ဦးပဥ္စင်းတို့ အခြားခြားသော နည်းလမ်းများနဲ့ အကူအညီ မပေးနိုင်သော်လည်း ဤသို့ဒီတရားနည်းလမ်းကို နားလည်အောင်ပြောပြီး တိုက်တွန်းပေးခြင်းသည် တခြားလား၊ ကျေးဇူးဆပ်တာလား။ (ကျေးဇူးဆပ်တာပါဘုရား)။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ညီတော်အာနန္ဒာကို အမိန့်ရှိတဲ့အတိုင်းပါပဲ။ "အာနန္ဒာရေ မိမိအပေါ် ကျေးဇူးရှိတဲ့အမိတွေ၊ အဘတွေ၊ ဦးကြီး၊ ဦးလေး၊ ညီအစ်ကိုမောင်နမစသည်ဖြင့် ကိုယ့်ကိုနှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းတို့ဖြင့် ကျေးဇူးရှိခဲ့တဲ့ ပုဂ္ဂိုလ်များကိုပြန်လည် ကျေးဇူးတုံ့ဆပ်ချင်ပါတယ်ဆိုရင်ကွာတဲ့၊ ဘာမှုလျှော့က်ပြီး ဆောင်ရွက်လုပ်ကိုင်ပေးမနေပါနဲ့၊ သစ္စာကို မသိ သိအောင်ဟောပေးစမ်းပါလို့ မြတ်စွာဘုရားအမိန့် မရှိဘူးလား။ (ရှိပါတယ် ဘုရား)။ မိမိက ပြသနိုင်တဲ့ ဆရာသမားဆီကိုတော့ရောက်အောင် ပို့ပေးရမယ်ပေါ့။ သစ္စာသိအောင် သစ္စာဆိုက်အောင်ဟောပြောပြသနိုင်တဲ့ ဆရာဆီကိုရောက်လို့ သစ္စာဓမ္မနာကြား၊ သစ္စာအလုပ်တွေ လုပ်လို့သစ္စာအသိ၊ သစ္စာအမြင်တွေရမယ်ဆိုရင် မိမိကျေးဇူးရှိတဲ့ သူတွေကို အကြီးမားဆုံး ကျေးဇူးဆပ်ခြင်းလို့ ဗုဒ္ဓမဟောဘူးလား။ (ဟောပါတယ်ဘုရား)။

ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာဝင်များ သိထားတဲ့အတိုင်း မြတ်စွာဘုရားဟာ ဝါတော်ခုနစ်ဝါမြောက်မှာ တာဝတိံသာနတ်ပြည်မှာရှိတဲ့ မယ်တော်ဖြစ်ခဲ့ဖူးတဲ့ သန္တုသိတနတ်သားနှင့်တကွ အားလုံးသော သံသရာက တော်စပ်ခဲ့ဖူးတဲ့ ဆွေတော်၊ မျိုးတော်နတ်ဒေဝါအပေါင်းကို အဘိဓမ္မာဒေသနာကို ဝါတွင်း သုံးလပတ်လုံး မရပ်မနားဟောကြားတော်မူခဲ့ခြင်းဟာလည်း ကျေးဇူးရှိတဲ့ မယ်တော်မိနတ်သားကို ကျေးဇူးဆပ်ခြင်းပါပဲ။ (မှန်ပါဘုရား)။

ဒါကြောင့်ဦးပဥ္စင်းတို့လည်း ဘုရားသားတော်များပီပီ ယောဂီဒကာ၊ ဒကာမတွေကို ပစ္စည်းလေးပါး ကျေးဇူးဆပ်သောအားဖြင့် ခန္ဓပဋိစ္စသမုပ္ပါဒ်နားလည်လို့ရှိရင် ဘယ်လိုဖြစ်နိုင်တယ်။ ပြတ်လို့ရှိရင် ဘယ်လိုအကျိုးတရားတွေ ဖြစ်နိုင်တယ်ဆိုတာကို ဆရာတော်ဘုရားကြီးဟောကြားသွားတာကို နားလည်သလောက်မှတ်မိသလောက် တစ်ဆင့်ပြန်ပြီးတော့ ဟောကြားသွားမှာဖြစ်ပါတယ်။ ဦးပဥ္စင်းအနေနဲ့ ထွင်ပြီး အပိုတန်ဆာဆင်ပြီးတော့ ဟောမှာမဟုတ်ပါဘူး။ ဘဝအတွက် တကယ်အရေးတဲ့ ဘဝ လက်ဆောင်တွေပေးပြီး ကျေးဇူးဆပ်မှာဖြစ်ပါတယ်။

သစ္စာသိအောင် အရင်လုပ်ကြပါ

အရေးကြီးတာက တရားအလုပ်ဆိုတာ မလုပ်လို့မဖြစ်ပါဘူး။ အဲဒါကြောင့် ကျေးဇူးရှင်ဆရာတော် ဘုရားကြီးကလည်း အလွန်အရေးကြီးသည့်အတွက်ကြောင့် သားရေး၊ သမီးရေး၊ စီးပွားရေးတွေကို နောက်ထားပြီး သစ္စာကိုသိအောင် အရင်လုပ်ကြပါလို့ မတိုက်တွန်းဘူးလား။ (တိုက်တွန်းပါတယ်ဘုရား)။ သားရေး၊ သမီးရေး၊ စီးပွားရေးတွေကို နောက်ထားပါ။ ရှေ့တန်းတင်ရမှာက သစ္စာသိအောင် အရင်လုပ်ပါ။ ဒါအရေးကြီးလွန်းလို့။ (မှန်ပဲ့ဘုရား)။ ဒီတော့မေးစရာရှိတယ်။ သားရေး၊ သမီးရေး၊ စီးပွားရေးတွေမလုပ်လို့၊ ရှေ့တန်းမတင်လို့ရှိရင် လောကမှာ မျက်နှာငယ်ရမှာပေါ့။ သူများသုံးလို့ သုံးချင်တိုင်း မသုံးနိုင်၊ သူများဝတ်လို့ မဝတ်နိုင်၊ သူများစားလို့ ကိုယ်မစားနိုင်လို့ မျက်နှာတော့ငယ်ရပါတယ်။ သို့သော်လည်း မျက်နှာငယ်ရုံသာ ငယ်ရတာပါ။ အပါယ်တော့ မကျနိုင်ပါဘူး။ (မှန်ပဲ့ဘုရား)။ တရားဆိုတာ အပါယ်မကျအောင် ဆောင်ထားတာ။ အောက်တန်းမကျအောင် ဆောင်ထားတာ တရားပါ။

ယာဒိဝဋ္ဋ ဒုက္ခေသု = အပါယ်စတဲ့ဝဋ်ဆင်းရဲတွင်းသို့၊ အပတမာနေကတ္တာ = မကျအောင်ပြုလုပ်ပြီး၊ ဓာရေတီတိ = ဆောင်ထားတတ်သောကြောင့်၊ ဓမ္မော = ဓမ္မတရား။

ဒီတော့တရားက အောက်တန်းမကျအောင် လုပ်ပေးနိုင်တယ်။

ဆက်ရန်

# ဟာသ

## မှတ်ထားဖို့

ပွဲစားလေးက ပွဲစားကြီးကို

"ကျွန်တော့်ကို အစစအရာရာသင်ပေးပါ အန်ကယ်၊ အသီးအနှံအကြောင်း ကျွန်တော်ကသိတာမဟုတ်ဘူး"

"ဘယ်လိုစမ်းရမှာလဲ"

"အဲဒီအသီးခွဲလိုက်ကွာ၊ ဟုတ်ပြီဘယ်လိုနေသလဲ"

"ဖြူနေတယ်"

"ပေးစမ်း"

"ပွဲစားကြီးက စားကြည့်ပြီးကောင်းတယ်၊ ဒါမျိုးဆိုဝယ်လို့ ပြောပါတယ်၊ ပြီးတော့"

"ဟို အသီးကိုခွဲဦးကွာ၊ ဘယ်လိုနေသလဲ"

"ညိုနေတယ်"

"မင်းစားကြည့်စမ်း"

"ချဉ်စုပ်စုပ်ဖြစ်နေပြီ"

"အေး အဲဒါမျိုးဆို မဝယ်နဲ့"

## ရည်ရွယ်ချက်

"ငါက မန်နေဂျာဖြစ်အောင်ကြိုးစားနေတာ"

"ငါကတော့ စက္ကရီထေရီပဲ ဖြစ်ချင်တယ်၊ စက္ကရီထေရီက တက်လမ်းရှိတယ်ကွ၊ အချိန်မရွေးမန်နေဂျာရဲ့ အထက်ကိုရောက်သွားနိုင်တယ်၊ သူဌေးရွေးမှန်ဖို့ပဲ လိုတယ်"

## သူ့ကြောင့်

"လူကြီးမင်းရဲ့ စီးပွားရေးတွေခုလို အောင်မြင်ပြီးလုပ်ငန်းတွေ တိုးတက်နေရတာ ဘာကြောင့်များပါလဲ"

"ကျွန်တော့်ဇနီးကြောင့်ပါ"

"ဘယ်လိုများ ကူညီပံ့ပိုးပေးနေတယ်ဆိုတာလေး ပြောလို့ဖြစ်မလား"

"ဖြစ်ပါတယ်၊ ကျွန်တော့်ဇနီးက ကျွန်တော့်ကို စိတ်ဆိုးပြီး စကားမပြောတာ နှစ် (၄၀)ရှိပါပြီ"

## သင်ခန်းစာ-၁

"အန်ကယ် ဒက်ဒီက အန်ကယ့်ဆီကနေ အရောင်းအဝယ်ပညာသင်ရမယ်ဆိုလို့"

"သင်ပေးရမှာပေ့ါကွာ ကဲလာ ငါနဲ့ကုန်ဝယ်တဲ့ဆီလိုက်ခဲ့"

"ကုန်သည်ကြီးက ပွဲရုံကနေသူလိုချင်တာတွေ ရွေးဝယ်တယ်ပြီးတော့"

"ကဲ မင်းလဲဝယ်လေကွာ"

"သူ မလိုချင်လို့ ချန်ထားတာတွေ အဝယ်ခိုင်းတယ်၊ နောက်ရက်မှာ"

"အန်ကယ်လုပ်ပုံမဟုတ်သေးပါဘူး၊ အန်ကယ့်ဆီမှာ အရောင်းအဝယ်ပညာသင်ချင်လို့လာတဲ့ သူ့ကို မကောင်းတာတွေ ထိုးရောင်းတာတော့"

"အဲဒါသင်ခန်းစာ-၁လေကွာ၊ ကောင်းတာကိုယ်ရအောင်ယူတတ်ရတယ်"

မှတ်မိသမျှ စီးပွားရေးဟာသ (ကံချွန်)

# ဗေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

January 22th မှ January 28th ကြား

ကျန်းမာရေးဂရုစိုက်ရမည်။ သစ္စာမဲ့သူနှင့် တွေ့တတ်သည်။ ရန်အပြိုင်များနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ အိုးအိမ်နေရာထိုင်ခင်းကိစ္စ စကားပြောရမည်။ မိသားစုအလုပ်စီးပွားရေးရာပိုင်းတွင် ကောင်းသောတိုးတက်မှုများရရှိမည်။ အရပ်ဝေးတွင် ရောက်နေသောသူများထံမှ ကောင်းသောသတင်းစကားကြားရမည်။ ဆွေမျိုးအကြီးအကဲ ကျန်းမာရေးချူချာမည်။ လုပ်ကိုင်နေသော လုပ်ငန်းများကို နှောင့်နှေးကြန့်ကြာသွားအောင် ဆောင်ရွက်သူများနှင့် ကြုံမည်။ ကတိပျက်သောသူများ၊ စကားမတည်သောသူများနှင့် လုပ်ကိုင်ဆောင်ရွက်ရသည့် အကြောင်းအရာမှန်သမျှ စိတ်တိုင်းမကျ ဖရိုဖရဲဖြစ်မည်။ ငွေကြေးမြောက်များစွာ ရင်းနှီးမြှုပ်နှံသုံးစွဲရသည်များရှောင်ပါ။ သူတစ်ပါးအတွက် အားမခံခြင်း မပြုသင့်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

January 22th မှ January 28th ကြား

ရည်ရွယ်ချက်အသစ်များ အကောင်အထည်ဖော်နိုင်မည်။ နေရာသစ်၊ ဝန်းကျင်သစ်နှင့်ဆက်နွယ်၍ ထူးခြားသော တိုးတက်မှုများပေါ်ပေါက်မည်။ တပြိုင်နက်တည်းတစ်ခုထက်မကလုပ်ငန်း ကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ ယှဉ်ပြိုင်လာသူအားလုံးအပေါ် အနိုင်ယူလွှမ်းမိုးနိုင်သော ကာလဖြစ်သည်။ ငွေရေးကြေးရေးကိစ္စ၊ လူမှုရေးကိစ္စများတွင် ကြားဝင်အာမခံခြင်းများ လုံးဝမပြုသင့်။ အပြိုင်အဆိုင်များ၊ အနှောင့်အယှက် အတိုက်အခံများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ စိုးထိတ်ရန်မသင့်။ အားလုံးကို ထိုးဖောက်၍ မြင့်မားသောအနေအထားသို့ ရောက်မည်။ အရေးကြီးသော စာရွက်စာတမ်းများ လက်ပြောင်းလက်လွှဲတွင် တစ်ပါးသူမသေချာမှုကြောင့် ပျက်စီးယိုယွင်းခြင်းနှင့် ပျောက်ရှခြင်းဖြစ်တတ်သည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

January 22th မှ January 28th ကြား

အထူးသတိရှိရမည်။ အန္တရာယ်များ ရုတ်တရက်ကျရောက်နိုင်သည်။ အခက်အခဲများနှင့် ရင်ဆိုင်ရမည်။ စိတ်ပင်ပန်းမည်။ သစ္စာမဲ့သူများနှင့် ရင်ဆိုင်ရမည်။ စကားမတည်သူများနှင့်တွေ့မည်။ ကိုယ်လုပ်သမျှ ကိစ္စအပေါ် လိုက်လံနှောင့်ယှက်၍ အဖျက်ပြုသူများနေသည်။ မတော်တဆ လဲပြိုတတ်သည်။ လှေကား အတက်အဆင်း၊ ရေအိမ်အတက်အဆင်း သတိရှိပါ။ အိမ်ရှိ အသက်အရွယ်အကြီးဆုံးသော အမျိုးသမီး ကျန်းမာရေးချူချာမည်။ ငွေကြေးလက်လွှန်မှုဖြစ်တတ်သည်။ ဤကာလအတွင်း ငွေချေးက ဆုံးရှုံးတတ်သည်။ တစ်ပါးသူကိစ္စကို စေတနာနှင့် လိုက်လံကူညီရင်း စိတ်အနှောင့်အယှက်ဖြစ်မည်။ ပြဿနာများဖြစ်လာတတ်သည်။ အပျောက်အရှများမည်။ ခိုးဝှက်သူများ၏ အန္တရာယ်ကို သတိရှိရမည်။ အလောတကြီး ဝယ်ယူခြင်း၊ ငွေကြေးမြှုပ်နှံခြင်းမပြုရ။ ရောင်းမှားဝယ်မှားဖြစ်မည်။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

January 22th မှ January 28th ကြား

အထင်လွဲမှုများကို ဖြေရှင်းနေရမည်။ အချစ်မှား၊ ဆုံးဖြတ်ချက်မှားခြင်းများရှိမည်။ သံယောဇဉ်မထားသင့်သူအပေါ် မေတ္တာထားမှုကြောင့် စိတ်အနှောင့်အယှက်များဖြစ်မည်။ အမှုပြဿနာများ၊ ရန်များနှင့် တွေ့မည်။ အမှန်အတိုင်းပြောဆိုခြင်းများကြောင့် ရန်များတတ်သည်။ စက်ပစ္စည်းများ၊ ယာဉ်၊ ကားကိစ္စနှင့်ပတ်သက်၍ ငွေကြေးအကုန်အကျများလိမ့်မည်။ ဘေးစကားသွေးသားများ၏ အနှောင့်အယှက်ကြောင့် လူမှုရေး၊ အိမ်တွင်းရေးပဋိပက္ခများဖြစ်နိုင်သည်။ အလောတကြီး ရှေ့တိုးဆောင်ရွက်ခြင်းများမပြုသင့်။ အလုပ်ကိစ္စတစ်ချို့ကို ဆိုင်းငံ့ရပ်တန့်သင့်သည်။ သူတစ်ပါးကြောင့် မိမိအကြံအစည် ရည်ရွယ်ချက်များ ပျက်ယွင်းခြင်း၊ နှောင့်နှေးခြင်းများ ဖြစ်ပေါ်မည်။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

January 22th မှ January 28th ကြား

အညံ့အဆိုးများကင်းစင်၍ ထူးခြားသောတိုးတက်မှုများ ဖြစ်ထွန်းလာမည်။ နေရာအပြောင်းအရွှေ့၊ အပြောင်းအလဲများဆောင်ရွက်ရမည်။ ဦးတည်လိုက်တိုင်း၊ ဖြတ်သန်းရာနေရာတိုင်း၌ အနှောင့်အယှက်များနှင့် ရင်ဆိုင်ရမည်။ ပုံစံသစ်၊ လမ်းကြောင်းသစ်ထွင်၍ ရှေ့တိုးလုပ်ကိုင်သည့်ကိစ္စများမှ အောင်မြင်တိုးတက်မှုများ အခိုင်အမာရမည်။ ခရီးသွား၍အကျိုးရှိမည်။ လူမျိုးကွဲအကျိုးပေးမည်။ အရပ်ဝေးနှင့်ဆက်သွယ်လုပ်သောကိစ္စမှအောင်မြင်မှု အဆင့်ဆင့်ရမည်။ နေအိမ်ကိစ္စရေးရာအဖြာဖြာကို ဆောင်ရွက်ပြောဆိုအောင်မြင်ကိန်းကြုံမည်။ အလုပ်သစ်၊ အကြံအစည်သစ်များကို ဆောင်ရွက်၍အောင် မြင်မည်။ အိမ်အနီးအပါးသို့ ယောကျာ်းမဟုတ်၊ မိန်းမမဟုတ်သောသူများ အသွားအလာအဝင်အထွက် များမည်။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

January 22th မှ January 28th ကြား

သစ္စာဖောက်သူများနှင့် တွေ့တတ်သည်။ ကျကျနနဆောင်ရွက်ထားသည့်ကိစ္စများ နောက်ဆုံးအချိန်ရောက်ကာမှ သူတစ်ပါးကတိပျက်၍ အကျိုးမဲ့ဖြစ်ရပ်များကြုံရပေမည်။ ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စများ ဆောင်ရွက်မှုတွင် ဦးတည်ချက်ပုံစံပြောင်းပြီး လုပ်မှ အောင်မြင်မည်။ ရင်းနှီးမြှုပ်နှံမှုမှားယွင်းတတ်သည်။ ရောင်းမှား၊ ဝယ်မှားဖြစ်တတ်သည်။ မိဘဆွေမျိုးအကြီးအကဲကျန်းမာရေးအညံ့ရှိသည်။ လုပ်ငန်းခွင်အတွင်းဖြစ်ပေါ်လာသော အပြောင်းအလဲများ၊ ဆက်ဆံရသောလူသစ်များသည် ကိုယ့်အတွက်အကျိုးမဲ့မည်။ ဒုက္ခပေးသောသူများသာဖြစ်လိမ့်မည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စလက်လွှဲလက်ပြောင်းများတွင် အထူးသတိရှိရမည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

January 22th မှ January 28th ကြား

အခွင့်ကောင်းများပေါ်မည်။ အတိုက်အခံကြားမှ တိုးတက်မည်။ မိတ်ဆွေသစ်တိုးပွားမည်။ ထူးခြားသော ဖြစ်ရပ်ကောင်းများကြုံမည်။ ကိုယ်တိုင်တွင်ဖြစ်စေ၊ မိသားစုတွင်မျှော်လင့်မထားသော အံ့ဖွယ်ဖြစ်ရပ်ကောင်းများ ကြုံမည်။ အိမ်တွင် ကံကြမ္မာအညံ့ဆုံးသူဟု သတ်မှတ်ခံထားသူ၏ ဘဝအလှည့်အပြောင်း ကံကောင်းခြင်းကို ထူးခြားစွာ ကြုံတွေ့ရမည်။ ရန်အတိုက်အခံများကို ကျော်လွှားနိုင်မည်။ လူမျိုးကွဲအကျိုးပေးမည်။ ခရီးကိစ္စအဆင်ပြေမည်။ ထူးခြားသောအပြောင်းအလဲနှင့် တိုးတက်ခြင်းများ ဖြစ်ပေါ်မည်။ ငွေးကြေးကိစ္စ ပြောဆိုဆောင်ရွက်မှု အောင်မြင်မည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

January 22th မှ January 28th ကြား

အခြေအနေအလုံးစုံ ကပြောင်းကပြန် ဖြစ်မည်။ အနှောင့်အယှက်များနှင့်ကြုံမည်။ အခက်အခဲများဆက်တိုက် ဖြစ်လာမည်။ ချုပ်ထိမ်းခံရသော စက်ရုပ်အလားဖြစ်နေမည်။ ကိုယ်ပိုင်စိတ်ကူးနှင့် အစွမ်းအစများကို အပြည့်အဝ မသုံးနိုင်သလိုဖြစ်နေမည်။ ပုံမှန်လုပ်သောလုပ်ငန်းတွင် အောင်မြင်လင့်ကစား ထွန်းပေါက်သောကိစ္စများ မဖြစ်။ အကြီးအကဲများထံမှ အထောက်အကူ ရလင့်ကစား လုပ်သလောက်မဖြစ်။ ပျိုရွယ်သူများ စန်းပွင့်မည်။ မေတ္တာရေး အထူးကောင်းမည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ မေတ္တာရေး အထူးကောင်းမည်။ အမည်အတွင်း (က၊ခ၊ သ၊ဟ၊င) ပါသောသူများနှင့် စန်းပွင့်မည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

January 22th မှ January 28th ကြား

အပြိုင်အဆိုင်အနှောင့်အယှက်များနှင့် ထိပ်တိုက်တွေ့မည်။ လွယ်လင့်တကူဖြစ်သည်ဟူ၍ မရှိ။ ဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက် အပြိုင်အဆိုင်များ ရှိသည်။ မူလဆုံးဖြတ်ထားသည်နှင့် လက်တွေ့လုပ်ကိုင်ရသည်တို့ တလွဲတချော်ဖြစ်လင့်ကစား ဆောင်ရွက်သောကိစ္စများ တစစအောင်မြင် သွားမည်။ မတော်တဆ ထိခိုက်မှုဂရုစိုက်ရမည်။ အခက်အခဲများကြုံပြီးမှ အလိုပြည့်စုံမည်။ အပြောင်းအလဲသစ်များ ကြုံမည်။ ကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်းမပြုရ။ အခက်အခဲကြုံက ချက်ချင်းဖြေရှင်းပါ။ ခရီးသွားစဉ် တံတားကျိုးပျက်ခြင်းကြောင့်ဖြစ်စေ၊ လမ်းပိတ်ထားခြင်းကြောင့်ဖြစ်စေ၊ ခရီးကြန့်ကြာမည်။ ဦးနောက်အာရုံကြော နှင့် ပတ်သက်သောဝေဒနာ ကိုယ့်မိသားစုတွင်ဖြစ်စေ၊ ဝန်းကျင်တွင်ဖြစ်စေကြုံမည်။ လုပ်ကိုင်ဆောင်ရွက်နေသောကိစ္စများတွင် တစ်ပါးသူကြောင့် နှောင့်နှေးခြင်းကြုံမည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

January 22th မှ January 28th ကြား

ဆောင်ရွက်သမျှ ထွန်းထွန်းပေါက်ပေါက်နှင့် အထင်အရှားအောင်မြင်မည်။ ငွေဝင်မည်။ အလုပ်တိုးတက်မည်။ မူလအနေအထားမှ ပိုမိုမြင့်မားသော အခြေအနေသို့ ကူးပြောင်းတိုးတက်မည်။ ပိတ်နေသော လမ်းကြောင်းများ ပြန်ပွင့်လာမည်။ တခုထက်မကသော အလုပ်ကိစ္စများကို တပြိုင်နက်တည်း လုပ်ကိုင်ပြီး တိုးတက်မှု အဆင့်ဆင့်ဖြစ်လာမည်။ ရသင့်ရထိုက်သည့် အခွင့်အရေးများအတွက်ဖြစ်စေ၊ ငွေကြေးအတွက်ဖြစ်စေ ပြောဆိုအောင်မြင်ခြင်းများရှိမည်။ လက်လွှန်ထားသည့် ငွေပစ္စည်းများ၊ ကြန့်ကြာနေသည်များ ပြန်ရမည်။ စီးပွားရေးလုပ်ငန်းလုပ်သူများအဖို့ စွန့်စွန့်စားစားငွေမြှုပ်နှံခြင်းနှင့် အရေးကြီးသည်များ ပြုနိုင်သည် အကျိုးအမြတ်ကောင်းများ ရနိုင်သည်။ အဆင့်မြင့်တာဝန်များလုပ်ကိုင် ရမည်။ ကိုယ်မလုပ်ဖူးသေးသော လုပ်ငန်းများကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

January 22th မှ January 28th ကြား

အနှောင့်အယှက်များမည်။ အတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ မည်သည့်ကိစ္စမဆို လွယ်လင့်တကူပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိ။ အများသူငါချောချောမွေ့မွေ့လွယ်လင့်တကူလုပ်နိုင်သည့် ကိစ္စများကိုပင် အားစိုက်၍ အင်တိုက်အားတိုက်လုပ်ရသော အနေအထားရှိမည်။ ကိုင်တွယ်နေသောပစ္စည်းများ ပျက်စီးတတ်သည်။ ယာဉ်ကားမောင်းနှင်စဉ် စက်ပစ္စည်းချို့ယွင်းမှုကြောင့် မတော်တဆထိခိုက်မှုဖြစ်တတ်သည်။ လမ်းစည်းကမ်းတို့နှင့်ပတ်သက်သည့် ဒဏ်ငွေဆောင်ရခြင်း၊ ငွေကုန်ကျခြင်းကြုံမည်။ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စတို့တွင် ကြားဝင်၍ အာမခံခြင်း၊ တာဝန်ယူခြင်းမပြုရ။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်က ဖြေရှင်းရန် အလွန်ခက်ခဲသည်အထိရောက်ရှိမည်။ ဈေးသက်သာသည်အရ လွယ်ကူသည်ဟူ၍ ယူဆပြီးဝယ်ယူမြှုပ်နှံမှုအလွယ်တကူမလုပ်ရ။ အရှုံးပေါ်နိုင်သည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

January 22th မှ January 28th ကြား

တစ်ပြိုင်နက်တည်း လုပ်ငန်းနှစ်ခုကို လုပ်ကိုင်ပြီး တိုးတက်မည်။ ခက်ခဲသော ပြဿနာများကို ဖြေရှင်းနိုင်မည်။ တစ်ပိုင်းတစ်စဖြစ်နေသော အလုပ်ကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ ရန်ပဋိပက္ခ အခက်အခဲကြားမှ အလုပ်ဘဝတိုးတက်မှုများ လုပ်ကိုင်နိုင်သော အနေအထားရှိမည်။ ခရီးဝေး၊ နိုင်ငံရပ်ခြားနှင့် ဆက်နွယ်သောအလုပ်ရေးရာများတွင် ထူးခြားသော တိုးတက်မှုများ အခိုင်အမာဖြစ်ပေါ်မည်။ တွေဝေဒွိဟဖြစ်မှုကြောင့် အခွင့်ကောင်းတစ်ချို့ လက်တစ်လုံးခြား ဆုံးရှုံးတတ်သည်။ မိမိအပေါ်မနာလို သဝန်တိုသူများနှင့် ထိပ်တိုက်တွေ့ရတတ်သည်။ ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုး ပရိယာယ်အမျိုးမျိုးနှင့် ဆက်ဆံသူများကို ထိပ်တိုက်တွေ့မည်။ ငွေရေးကြေးရေးကိစ္စ၊ လူမှုရေးကိစ္စများတွင် ကြားဝင်၍ အာမခံခြင်း၊ တာဝန်ယူခြင်း မပြုသင့်။

# အားကစား

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရေး အမျိုးသား ဘော်လီဘောပြိုင်ပွဲ မြန်မာ့ လက်ရွေးစင်အသင်းက စတုတ္ထပွဲ၌ အနိုင်ရရှိ

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသား ဘော်လီဘောပြိုင်ပွဲ၏ စတုတ္ထပြိုင်ပွဲ ပွဲစဉ်ကိုဇန်နဝါရီ ၁၈ ရက်နေ့ညနေ ၃နာရီတွင်ရန်ကုန်မြို့ရှိအမျိုးသားအားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ) ၌ ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ၊မြန်မာ့ လက်ရွေးစင် အမျိုးသား ဘော်လီဘော အသင်းအုပ်ချုပ်သူ ဦးသိန်းဝင်းနှင့် အမှုဆောင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှတာဝန်ရှိသူများ၊ဖိတ်ကြားထားသူများနှင့် ဘော်လီဘောအားကစားဝါသနာရှင်များတက်ရောက်ကြည့်ရှုအားပေးကြသည်။ စတုတ္ထနေ့ပြိုင်ပွဲ ပွဲစဉ်တွင်မြန်မာ့လက်ရွေးစင်အမျိုးသားဘော်လီဘောအသင်းနှင့်ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံလက်ရွေးစင်အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာမြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်းက (၂၅-၁၈)မှတ်၊ (၂၅-၁၆)မှတ်၊ (၁၆-၂၅)မှတ်၊ (၂၅-၂၂) မှတ် သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေးအမျိုးသားဘော်လီဘောပြိုင်ပွဲကို လေးရက်လေးပွဲယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင် အမျိုးသာ ဘော်လီဘောအသင်းက သုံးပွဲနိုင်ပြီး တစ်ပွဲရှုံးနိမ့်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ လက်ရွေးစင်အမျိုးသာ ဘော်လီဘောအသင်းသည် ဇန်နဝါရီ ၁၉ ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့မှပြန်လည်ထွက်ခွာသွားမည်ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၉ရက်နေ့ထုတ်ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

## ၂၀၁၃ ဆီးဂိမ်းစ်ကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဟု တရားဝင် ထုတ်ပြန် ကြေညာခြင်း မရှိသေးကြောင်း သိရ

မူလက ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲကိုလက်ခံကျင်းပရန် တာဝန်ယူထားသည့်စင်ကာပူနိုင်ငံသည် ကြိုတင် စီစဉ် ဆောင်ရွက်ထားမှုများ အဆင်မပြေသည့်အတွက်နုတ်ထွက်သွားသဖြင့် ယင်းနိုင်ငံအစား မြန်မာနိုင်ငံမှ လက်ခံ ကျင်းပမည်ဟု ဂျာနယ် အချို့နှင့်အခြားမီဒီယာများတွင် သတင်းများထွက်ပေါ်နေသော်လည်း တရားဝင် ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်းသိရသည်။ ယင်းသတင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက"ပြီးခဲ့တဲ့(၂၅)ကြိမ်မြောက်လာအိုဆီးဂိမ်းစ်မတိုင်ခင်ဗီယန်ကျင်းမြို့မှာကျင်းပတဲ့ဆီးဂိမ်းစ်ကော်မတီအစည်းအဝေးမှာကတည်းက၂၀၁၃ဆီးဂိမ်းစ်ကို စင်ကာပူနိုင်ငံမှ လက်ခံကျင်းပနိုင်ခြင်း မရှိကြောင်းတင်ပြခဲ့ပါတယ်။ အဲဒီမှာအရှေ့တောင်အာရှ ၁၁ နိုင်ငံထဲမှာဗီယက်နမ်နှင့် ထိုင်းတို့ကလက်ခံကျင်းပမယ့်နိုင်ငံမရှိရင်သူတို့ကျင်းပပေးနိုင်ကြောင်းပြောပါတယ်။ ဒါပေမယ့် ငြင်းပယ်ခဲ့တဲ့စင်ကာပူနိုင်ငံအပါအဝင် အခြားနိုင်ငံတွေက SEAP Games အချိန်တုန်းက အိမ်ရှင်အဖြစ်နှစ်ကြိမ်ကျင်းပနိုင်တဲ့ မြန်မာနိုင်ငံ အနေနဲ့ အခု SEA Games လို့ပြောင်းလဲလာပြီးတဲ့ အချိန်မှာ တစ်ကြိမ်မှ မကျင်းပနိုင်သေးဘူး။ မြန်မာနိုင်ငံအနေနဲ့ ကျင်းပစေချင်တယ်လို့ ဝိုင်းဝန်းတိုက်တွန်းခဲ့ကြပါတယ်။ အဲဒီအကြောင်းတွေကို ကျွန်တော်တို့မြန်မာနိုင်ငံပြန်အရောက်မှာအထက်လူကြီးတွေကိုတင်ပြထားခဲ့ပါတယ်။အဲဒီလိုအပ်တဲ့ကျင်းပမယ့်အားကစားနည်း၊ အားကစားကွင်း၊အားကစားရုံ၊ အားကစားသမား၊ အားကစားပြိုင်ပွဲနဲ့သက်ဆိုင်တဲ့ အချက်အလက်တွေကို တင်ပြဖို့လူကြီးတွေကညွှန်ကြားလာလို့ ကျွန်တော်တို့မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအနေနဲ့ တင်ပြနိုင်ဖို့အတွက်စီစဉ်ဆောင်ရွက်နေပါတယ်။ ဒီအချက်အလက်တွေကိုကြည့်ပြီးမှ လူကြီးတွေကအဆုံးအဖြတ်ပေးမှာဖြစ်ပါတယ်။ ဒါတောင်လာမယ့်ဧပြီလ ဂျကာတာမှာ ကျင်းပမယ့် အင်ဒိုဆီးဂိမ်းစ်ကော်မတီအစည်းအဝေးမှာမှ အသေအချာသိရမှာပါ။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်၂၀၁၃ဆီးဂိမ်းစ်ကိုကျင်းပမယ်လို့တရားဝင်ထုတ်ပြန်တာမျိုး မရှိသေးပါဘူး"ဟုပြောကြားကြောင်း ၂၀၁၀ ခုနှစ်ဇန်နဝါရီ ၂၂ ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## Asian Development Tour Air Bagan Myanmar Masters 2010 ဂေါက်သီးရိုက် ပြိုင်ပွဲ ပန်းလှိုင် ဂေါက်ကွင်းတွင် ဇန်နဝါရီလ ၂၈ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်

Asian Development Tour နှင့် မြန်မာပီဂျီအေတို့မှ ပူးပေါင်းစီစဉ်ပြီး Title Sponsor အဖြစ် Air Bagan Ltd. မှ လည်းကောင်း၊ Prfesenting Sponsor အဖြစ် International Beverages Trading co.,Ltd.( IBTC) မှလည်းကောင်းပံ့ပိုးကူညီသည့် Air Bagan Myanmar Masters 2010 ကိုရန်ကုန်မြို့ ပန်းလှိုင် ဂေါက်ကလပ်၌ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂ ၈ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ Air Bagan Myanmar Masters 2010 ပြိုင်ပွဲသည် Asian Development Tour ၏ ပထမဦးဆုံးပွဲစဉ်ဖြစ်သည်။ Asian Tour သည် အာရှ၏ ပညာရှင်အဆင့်ဂေါက်သီးပြိုင်ပွဲကျင်းပရေးအသိအမှတ်ပြုအဖွဲ့ဖြစ်ပြီး နိုင်ငံပေါင်း ၂၉နိုင်ငံမှ ဂေါက်သီးကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယခုမြန်မာနိုင်ငံတွင်ကျင်းပမည့် Air Bagan Myanmar Masters 2010 ပြိုင်ပွဲကိုပြည်တွင်းပြည်ပမှဂေါက်သီးကစားသမားသစုစုပေါင် ၁၀ ဝကျော်ခန့်ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီးစုစုပေါင်းဆုကြေးငွေအမေရိကန်ဒေါ်လာ၇၅၀၀၀ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဂေါက်သီးအားကစားဝါသနာရှင်များ အနေနှင့် ပြိုင်ပွဲရက်များအတွင်း ဝင်ကြေးအခမဲ့ဖြင့် လာရောက်ကြည့်ရှုနိုင်ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

# အနုပညာ

## အကြမ်း၊ အလွှမ်း မျိုးစုံကျွမ်းတဲ့ စပယ်မိုး

စွယ်စုံရဖိုက်တင်မင်းသမီးလို့ လူသိများတဲ့ စပယ်မိုးက ရိုက်လက်စရုပ်ရှင်မှာ ကျောင်းဆရာမအဖြစ် သရုပ်ဆောင်ရပါတယ်။ ဒရာမာ၊ ဖိုက်တင်နဲ့ ရာဇဝင်ကားများသာ အများဆုံးရိုက်ကူးခဲ့သူဖြစ်ပြီး တစ်လောက မမများအဖွဲ့ကစီစဉ်တဲ့ရာသီစာသင်္ကြန်ကား တစ်ကားလည်းရိုက်ခဲ့ပါတယ်။ ဒါရိုက်တာသပြားသုဖြစ်ပြီး ဗေလုဝနဲ့အတူလိုင်စင်ရဟာသလူရှင်တော်တွေ အားလုံးပါတယ်လို့ပြောပါတယ်။ စပယ်မိုးက Body Weight ကိုလည်း သတိထားထိန်း တဲ့သူပါ။ ဒါပေမယ့်နည်းနည်းဝလာသလိုမြင်ရတာမို့ မေးတဲ့အခါ "တစ်လောကမော်ဘီဘက်က မြောင်းတကာရွာမှာဖိုက်တင်ကား တစ်ကားရိုက်ဖြစ်ခဲ့တယ်။ မြင်းစီးတာ ကျွမ်းကျင်ပေးမယ့် ချောက်ထဲပြုတ်ကျတဲ့ Scene မှာအရှိန်ပြင်းပြီး ခါးရိုးဒဏ်ရာရသွားတာနဲ့ ရိုက်ကူးရေးတစ်လလောက်နားလိုက်ရတယ်။ အဲဒါနဲ့ ခုလို နည်းနည်းဝလာတာပါ"လို့ ပြောပါတယ်။ စပယ်မိုးဟာ ဗီဒီယိုကားသုံးရာကျော်လောက်ရိုက်ပြီးတဲ့အကြောင်း၊ ဖြစ်ချင်သည်မှာ အကြမ်း၊ အရမ်း၊ ဖိုက်တင်၊ အလွှမ်း၊ ဟာသစသည်ဖြင့် စွယ်စုံသရုပ်ဆောင်နိုင်သောသူ ဖြစ်ချင်ပါကြောင်းရင်တွင်းဆန္ဒတချို့ကို ပြောပြခဲ့ပါတယ်။
(၂၀၁၀ပြည့်နှစ်ဇန်နဝါရီလ ၂၀ရက်နေ့ထုတ် နံနက်ခင်းဂျာနယ်)

## စင်ပေါ်မှာသီချင်းဆိုတာ တေးရေးနဲ့တေးဆိုကို လူပိုသိအောင်လုပ်ပေးတာပါ လူရွှင်တော်ဖိုက်စကားက ကြာစိ

ဖိုက်စကားလူရွှင်တော်အဖွဲ့က ကြာစိရဲ့ပြောစကားတွေကတော့ "ဇာတ်သဘင်အငြိမ့်တွေမှာ လူရွှင်တော်ဆိုပေမယ့် လိုအပ်တဲ့အခါ သီချင်းလည်းဆိုပေးရပါ တယ်။ အဲဒီအတွက် အနုပညာကြေးမရပေမယ့် ပရိသတ်က စေတနာနဲ့ချီးမြှင့်တဲ့ဆုငွေ အတော်များများရပါတယ်။ နောက်သလို၊ ပြောင်သလို၊ သတိပေးစကား လိုလိုပြောတဲ့အခါ တကယ်တော့ ရယ်စရာစကားပါ။ ဈေးဦးမပေါက်သေးဘူး။ ခုချိန်ကစပြီး ဆုငွေများကို လက်ခံနေပါပြီလို့ပြောတဲ့အခါ ပရိသတ်က ပိုသဘောကျ ပြီးဆုချတာဟာ ပျော်ရွှင်ကြည်နူးစရာပါပဲ။ သီချင်းသုံးပုဒ်ဆိုခဲ့တယ်"လို့ ပြောတာမို့ ဆုဘယ်လောက်ရလဲမေးတဲ့အခါ "တစ်သောင်းရှစ်ထောင်ပဲ"။ ဒါကြောင့် တေးရေးခပေးရမယ်ဆိုရင် အဲဒီငွေနဲ့လောက်ပါ့မလားလို့ စကားဆက်တဲ့အခါ "အနုပညာကြေးအနေနဲ့ ရတာမဟုတ်ဘဲ ချီးမြှင့်ငွေအနေနဲ့ရတဲ့အထဲက တေးရေးဆရာတွေကို ပေးရမယ်ဆိုရင်လောက်မှာ မဟုတ်ပါဘူး။ တေးရေးဆရာတွေရဲ့ အသည်းနှလုံးက သီချင်းပဲလေ။ တန်ဖိုးဖြတ်လို့ မရဘူး။ ဒါကြောင့်တေးရေးခ ပေးမပေးဆိုတာထက် စင်မြင့်ပေါ်မှာ သီချင်းဆိုတာက တေးရေးနဲ့တေးဆိုကို လူပိုသိအောင် ကြေညာပေးတာလို့ပဲ မြင်ပါတယ်။ ပေးပါဆိုရင် တောင်းပန်သင့် တောင်းပန်ရမှာပေါ့။ သားစိုးပြောသလိုပဲ ရှေးသီချင်းတွေဆိုရင်တော့ အပြစ်လွတ်မယ်ထင်ပါရဲ့"လို့ လူရွှင်တော်ပီပီ ပါးပါးနပ်နပ်ပြောသွားလေရဲ့။
(၂၀၁၀ပြည့်နှစ်ဇန်နဝါရီလ ၂၀ရက်နေ့ထုတ် နံနက်ခင်းဂျာနယ်)